# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၃၀ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၈)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**လက်ခံတွေ့ဆုံ**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယ စစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂၉**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်သည်။ ဇူလိုင်လလယ်ခန့်တွင် ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်နိုင်သည့် မုတ်သုံလေအားပြတ်ခြင်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။

**မိုးအခြေအနေ**

ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့၌ တစ်ကြိမ်ခန့်နှင့် စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားအညွှန်း**

ကူးစက်ရောဂါများ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ပြည်သူအများ သိရှိလိုက်နာဆောင်ရွက်ရေးမှာ အထူးပင် အရေးကြီးပါသည်။ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် တန်ဖိုးကြီးသည့် ရှာဖွေရေး စက်ပစ္စည်းကိရိယာများနှင့် နည်းပညာရှိမှုကဲ့သို့ပင် အရေးပါ အရာရောက်လှပါသည်။

မောင်အောင်(မွေးကု)၏ ဆောင်းပါး (စာ-၄)

**အာဆင်နယ်တို့ နောက်ထပ် ကြယ်တစ်ပွင့် လက်လွှတ် ရမည်လား**



ကမ္ဘာတစ်လွှားအားကစား (စာ-၁၂)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၃၀ ရက်)

# မြို့ပြနှင့် ကျေးလက်လမ်းများ အဆင့်မြှင့်တင် ရေရှည်တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ သွားလာနိုင်မှသာ လူမှုစီးပွားအဝဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်လမ်းများ၊ ကျေးရွာနှင့်မြို့ ဆက်သွယ်သည့်လမ်းများနှင့် ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်အကောင်အထည်ဖော်လျက်ရှိသည်။ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသထွက်ကုန်သီးနှံများကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ ပို့ဆောင်ပေးနိုင်လျက်ရှိရာ ကျေးလက်နှင့်မြို့ပြ ကွာဟမှုနည်းပါးကာ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မား တိုးတက်လာခဲ့သည်။

လမ်းမကြီးများနှင့် အလှမ်းကွာဝေးပြီး သွားလာရေးခက်ခဲသော ကျေးရွာများကို ဖြတ်သန်း၍ တစ်မြို့နယ်နှင့်တစ်မြို့နယ်၊ တစ်ခရိုင်နှင့်တစ်ခရိုင် ဆက်သွယ်သွားလာနိုင်ရန် ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်ပေးလျက် ရှိသည်။

နိုင်ငံတော်အနေဖြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် ရန်ကုန်တိုင်းတို့ကို ဖြတ်သန်း၍လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဖြတ်သန်း၍လည်းကောင်း ဖောက်လုပ်နေရာ ခရိုင်ချင်းဆက် လမ်းအမှတ်(၁)တွင် ကတ္တရာလမ်း ၅၄မိုင်၊ ကျောက်ချောလမ်း ၃၂၃မိုင်၊ သစ်သားတံတား အစင်း ၁၀၀ နှင့် ခရိုင်ချင်းဆက် လမ်းအမှတ်(၂)တွင် ကတ္တရာလမ်း သုံးမိုင်၊ ကျောက်ချောလမ်း ၅၂မိုင်၊ မြေသားလမ်း ၁၆၃ မိုင်နှင့် သစ်သားတံတား ၅၇စင်းတို့ကို ဖောက်လုပ်တည်ဆောက်ပြီး ဖြစ်သည်။

သို့ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကတ္တရာလမ်းများအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းနှင့် မြို့ပြလမ်းများ ပိုမိုတိုးတက်ခိုင်ခံ့ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကွယ်လွန်သူများ ဖြစ်ကြသော တရုတ် အရိုးကု ဆရာကြီး ဦးဟိန် (ခ) ဦးစီယာဖူနှင့် သား ဦးမျိုးဟိန် (မြန်မာ အရှေ့တိုင်းဘဏ်)တို့အား ရည်စူး၍ ရန်ကုန်တိုင်းကြည့်မြင်တိုင်မြို့နယ် အင်ကြင်းလမ်း အမှတ် ၁၂နေ ဒေါ်မြသန်းနှင့် သား သမီးများ ဖြစ်ကြသော ဂျေထွန်း၊ ဒေါ်စုစုဟိန်၊ မြေး မဂျူလိုင်ထွန်း၊ မနိုနိုထွန်းတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သာသနာ့ ဇေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဇေယျမင်္ဂလာပရိယတ္တိ စာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ ရက်) ဇူလိုင် ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပါဝင် လှူဒါန်းလိုသူများသည် ဖုန်း-၅၄၁၀၀၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးမှူး အေအိုင်ဒီအက်စ်၊ တီဘီနှင့် နာတာရှည် ရောဂါဝေဒနာရှင်များ

## ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုပေး

ရန်ကုန် ဇွန် ၂၉

**ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဇွန် ၂၇ရက် နံနက် ၉နာရီက သဃ်ာန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး သဃ်ာန်းကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များက လှူဒါန်းငွေကျပ်ခြောက်သိန်းသုံးသောင်း၊ ဦးတင်လှ(Camel International Co.,Ltd.)က ငွေကျပ်နှစ်သိန်းအပါအဝင် အလှူငွေကျပ် စုစုပေါင်း တစ်ဆယ့်ရှစ်သိန်းခြောက်သောင်းကို လက်ခံယူသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် သဃ်ာန်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလီတို့က ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့သည် သဃ်ာန်းကျွန်းမြို့နယ် လေးဒေါင့်ကန် ရပ်ကွက်ရှိ နာတာရှည်ဝေဒနာရှင်များ၏ နေအိမ်သို့သွားရောက်အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြဝတီရုပ်မြင်သံကြား

**၃၀-၆-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၄၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၂၅ | ၅။ | ကျန်းမာသုတ |
| ၁၂း၃၀ | ၆။ | ရုပ်မြင်သံကြားဇာတ်လမ်း **နတ်သမီးရှာဖွေသူ** လူမင်း၊ ပြည့်ဖူးခိုင်၊ ဝိုင်းစုခိုင်သိန်း၊ နန်းဆုရတီစိုး၊ (ဒါရိုက်တာ-ဇော်ဆက်) |
| ၁၂း၅၀ | ၇။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၄း၃၅ | ၄။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅း၃၅ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆း၃၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၆း၄၀ | ၉။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၀။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၁၆) |
| ၈း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၃။ | မိုးလေဝသသတင်း |
| | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| | ၁၅။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၉) |

## ထောက်ပံ့ငွေနှင့် ပစ္စည်းပေးအပ်

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ သဃ်ာန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်ရှိ နာတာရှည်ဝေဒနာရှင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်စဉ်။** (သတင်းစဉ်)

# တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ အခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် ဇွန် ၂၉

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၏ ဝါဆိုသင်္ကန်းဆက်ကပ်အလှူမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ သိရီမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတက်ရောက်၍ ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။** (အောက်ပုံ)



### တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ အင်္ဂုတ္တိုရ်ကျမ်းပြုအကျော် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသ၊ ပါဠိကာရီဆရာတော် ဘဒ္ဒန္တအင်္ဂီရသ၊ မဟာသိပ္ပံဆရာတော် ဘဒ္ဒန္တသိရီဓမ္မနှင့် ရန်ကုန်တိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ဆရာတော် ဘဒ္ဒန္တဇောတိကတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် တော်မူကြပြီး အလှူရှင်များနှင့် ပရိသတ်တို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အင်္ဂုတ္တိုရ်ကျမ်းပြုအကျော် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် ဆရာတော်သံဃာတော်များအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး ဩဝါဒါစရိယ ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တအင်္ဂီရသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က သာဓု အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပခုက္ကူမြို့၊ ကလေးမြို့၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အဝတ်အထည်များ လှူဒါန်း

**နေပြည်တော် ဇွန် ၂၉**

ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင် ပွဲစားကြီး ဦးရှင်-မိခင် ဒေါ်ခင်ဌေးခင်နှင့် မွေးစားမိဘများဖြစ်ကြသော ဒေါ်စိန်လှ (များသုခ ဆန်စက်နှင့်ဆီစက်)၊ မောင် ဦးလှမောင်၊ ဦးပြည့်စုံ၊ တူမ ဒေါ်နုနုတို့အားရည်စူး၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်နေ ဦးမြင့်သိန်းက ပခုက္ကူမြို့နှင့် ကလေးမြို့တို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကရင်ပြည်နယ်၊ ချင်းပြည်နယ်တို့၏ နယ်စပ်တောင်တန်းဒေသရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ငွေ ၉၇၁၀၂၆၆ ကျပ် တန်ဖိုးရှိ အဝတ်အထည်များကို ဇွန် ၂၇ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမသို့ လာရောက် လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

✡ *ကျောဖုံးမှ*

### ကြိုဆို

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၃ နာရီခွဲတွင် အမျိုးသားညီလာခံ ကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းဌေး၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှု ကော်မတီတို့မှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များ လိုက်ပါလျက် အမျိုးသားညီလာခံ ကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားအသေးစိတ်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အနော်ရထာ ရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေးခန်း၊ ပုဂံဆောင် စားရိပ်သာနှင့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ပစ္စည်းထောက်ပံ့ရေးအဖွဲ့ငယ်တို့အတွင်း ပြင်ဆင်ထားရှိမှု၊ ဖိတ်ကြားရေးကြိုဆိုနေရာချထားရေးဆပ်ကော်မတီရုံး၊အမျိုးသား အိပ်ဆောင်များနှင့် အမျိုးသမီး အိပ်ဆောင်များအတွင်း ပြင်ဆင်ထားရှိမှု၊ စားရိပ်သာ(၁)၌ ညီလာခံ ကိုယ်စားလှယ်များအား နေ့စဉ်ကျွေးမွေးဧည့်ခံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား သက်သာချောင်ချိစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချပေးမည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ရန် အမျိုးသား၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမ၊ စားပွဲတင်တင်းနစ် အားကစားခန်းမတို့၌ အားကစားပစ္စည်းများ စီစဉ်ထားရှိမှု၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းနှင့် ညီလာခံကိုယ်စားလှယ်များ လိုအပ်ပါက ဆေးဝါးကုသနိုင်ရန်အတွက် ဖွင့်လှစ်ထားသည့် ညောင်နှစ်ပင် တိုက်နယ်ဆေးရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### စီစဉ်ဆောင်ရွက်

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ အမျိုးသားညီလာခံလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စားသောက်နေထိုင်ရေး၊ သက်သာချောင်ချိရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုစသည့် လုပ်ငန်းများကို လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## သမီးကညာ ထီးပမာ

*** အသွင်တင့်ပါဘိ**
**အစဉ်သဖြင့် မလော်မာဘဲ**
**မတော်ရာ မဆိုးမမိုက်ပါဘု**
**အမျိုးဘာသာစရိုက် သိန်သရေယဉ်၊**
**ရိုးရာအလိုက်ရယ်နဲ့ ဣန္ဒြေရှင်။**
*** အမှားမခင်ဘု**
**အများအမြင် ယဉ်ကျေးလှပါရဲ့**
**တော်လေးဝ အနွယ်ဝင်မို့**
**တွယ်ခင်စရာ ထုံးဓလေ့ကိုဖြင့်**
**နှလုံးမွေ့ပန်ဆင်။**
*** အရှက်အကြောက်ကိုလ**
**အသက်လောက်ခုံမင်**
**ဂုဏ်အင်က ယဉ်ကျေး။**
*** သမီးကညာ.....**
**ထီးပမာ အရိပ်ပေးပါရဲ့**
**အတွေးကဖြူစင်၊**
**အမြင်ကမြင့်မြင့်၊**
**အကျင့်က မှန်ကန်၊**
**အကြံက သန့်ရှင်း၊**
**အချင်းက မွန်ရည်၊**
**တည်ကြည်စွာ မာန်သစ်နိုးတယ်**
**မျိုးချစ်ရင်သွေး။ ။**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

**ရေနံ့သာမောင်ကျော်ညွန့်**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀-၆-၂၀၀၇ ရက်**
**(စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ အတီးပြိုင်ပွဲ
၈:၀၀ ၇။ တေးဂီတအစီအစဉ်
၈:၁၀ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Grammar made Easy

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂:၄၅ ၇။ **လေဆန်ငှက်တို့ အိမ်အပြန် စုလှိုင်နှင်း၊ ပပဝင်းခင်၊ သင်းသင်းယုလှိုင် (ဒါရိုက်တာ စင်ရော်မောင်မောင်)**
၁၄:၁၅ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄:၃၀ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (တီကျစ်ကျောက်မီးသွေး သတ္တုတွင်း)
၁၄:၄၅ ၁၀။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၆:၅၅ ၅။ အတီးပြိုင်ပွဲ
၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
၁၇:၀၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၇:၄၅ ၈။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ (သဘာဝဂုဏ်အင်ထူးခြား အလှဆင် သင်ပုန်းကျောက်များ)
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၃၈)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း-၁)



**မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်ရှိ အောင်မြေ တန်ဆောင်း ပတ်ဝန်းကျင်နှင့်တံခွန်တိုင်ရှေ့တွင် လည်းကောင်း၊ တောင်ဘက် စောင်းတန်း တည်ဆောက်ရာ အပေါ်ရင်ပြင်ပေါ်တွင်လည်းကောင်း ဘုရားဖူးလာသူများ အအေးဓာတ်ရရှိနိုင်ရန်အတွက် နေပူခံကျောက်ပြားခင်းရန် အလှူငွေကျပ် ၁၀သိန်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက် အမှတ်၁၁၇နေ ဦးစိန်သွင်-ဒေါ်ငြိမ်းတင် သမီး မလေးလေးခိုင် မိသားစုကလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။** (က-ပ)

# ပြည်သူ့ကျန်းမာရေးအတွက် အလေးထားကြရမည့် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ

မောင်အောင်(မွေးကု)

၂၀၀၆ခုနှစ် ဧပြီလက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး ဦးဆောင်ကော်မတီအစည်းအဝေးသို့ စာရေးသူ တက်ရောက်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံအချို့တွင် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်းကတည်းက ကြက်ငှက်တုပ်ကွေးရောဂါပိုး စတင်တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံ၌ ၂၀၀၆ ခုနှစ် မတ်လ ၆ရက်နေ့တွင် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းရှိ မြို့နယ် ၁၃မြို့နယ်တွင် စတင်တွေ့ရှိခဲ့သည်။ ဧပြီလတွင် နောက်ဆုံးတွေ့ရှိရခြင်းဖြစ်သဖြင့် အချိန်တိုအတွင်း ရောဂါပိုးတွေ့ရှိမှုအား ထိန်းချုပ်နိုင်သည်ကို အာဆီယံနိုင်ငံများ အထူးစိတ်ဝင်စားပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါပိုး မြန်မာနိုင်ငံတွင် စတင်တွေ့ရှိပြီး ပထမဆုံးအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး ဦးဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်လာသည့် စာရေးသူအား မည်ကဲ့သို့ ထိန်းချုပ်သည်၊ မည်သို့လုပ်ဆောင်သည်ကို မေးမြန်းကြသည်။

စာရေးသူမှာ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး ဗဟိုကော်မတီကို ၂၀၀၄ခုနှစ် ဇန်နဝါရီလကတည်းက စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တိရစ္ဆာန်များ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် အဓိကတာဝန်ရှိသည့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ပြည်သူများကို ပညာပေးရုံသာမက မိမိဌာနဝန်ထမ်းများကိုလည်း စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် အင်းစိန်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလာပါက မည်သို့ရောဂါရှာဖွေရမည်၊ အတည်ပြုရမည်၊ ရောဂါဖြစ်ပွားသည့် ကြက်များကို မည်သို့သယ်ဆောင်၍ ဖျက်ဆီးရမည်၊ ပိုးသတ်ဆေး မည်သို့ဖျန်းရမည်၊ ရောဂါဖြစ် ကြက်ခြံနှင့် တစ်ကီလိုမီတာအတွင်း မည်သည့်လုပ်ငန်းများ လုပ်ဆောင်ရမည် စသည့် သဏ္ဍာန်တူ လေ့ကျင့်ခန်း (Simulation Exercise)ကို ဆောင်ရွက်ခဲ့ကြောင်း၊ သို့ဖြစ်၍ မတ်လတွင် ရောဂါပိုးတွေ့ရှိသည့်အခါ မိမိဝန်ထမ်းများသည် လုပ်ဆောင်ရမည့်လုပ်ငန်းများကို အသင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ၝင်းနောက် မိမိတို့နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ၏ ဆိုးကျိုးများကို ပြည်သူလူထုအား ပညာပေးထားမှုကြောင့် ပြည်သူများက စနစ်တကျ ပူးပေါင်းပါဝင်ခဲ့ကြောင်း၊ ရောဂါလက္ခဏာတွေ့ရှိသည့် အချို့ကြက်ခြံများမှ အချိန်မီ သတင်းပို့ခြင်း(Early Report)ကြောင့် အချိန်မီ အရေးယူဆောင်ရွက် (Early Response) နိုင်ခဲ့ကြောင်း၊ အဓိကမှာ ဒေသအာဏာပိုင်များ၏ ဦးဆောင် ပူးပေါင်းပါဝင်မှုပင် ဖြစ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှုတွင် ဒေသအာဏာပိုင်များက တက်တက်ကြွကြွ ဦးဆောင်ပါဝင်ခဲ့ခြင်းကြောင့် အချိန်မီထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း စာရေးသူက ရှင်းလင်းပြောကြားရာ အာဆီယံနိုင်ငံကိုယ်စားလှယ်များ အထူးစိတ်ဝင်စားပြီး ကျေနပ်သွားကြသည်။

၂၀၀၇ခုနှစ် ဧပြီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသခွဲဆိုင်ရာနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးတွင်လည်း မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး ထပ်မံတွေ့ရှိမှုနှင့်ပတ်သက်ပြီး ဝန်ကြီးအား သတင်းထောက်တစ်ဦး လာရောက်မေးမြန်းရာတွင် ဝန်ကြီးက ပြည်သူများ၏ အသိပညာရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် သက်ဆိုင်ရာ တာဝန်ရှိသည့်ဌာနနှင့် ဒေသအာဏာပိုင်တို့၏ စနစ်တကျကွပ်ကဲဆောင်ရွက်မှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိမှုကို မိမိတို့နိုင်ငံ၌ အချိန်တိုအတွင်း ထိန်းချုပ်အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မှန်ပါသည်၊ **ကူးစက်ရောဂါများထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပြည်သူအများ သိရှိလိုက်နာဆောင်ရွက်ရေးမှာ အထူးပင် အရေးကြီးပါသည်။ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် တန်ဖိုးကြီးသည့် ရှာဖွေရေး စက်ပစ္စည်းကိရိယာများနှင့် နည်းပညာရှိမှုကဲ့သို့ပင် အရေးပါ အရာရောက်လှပါသည်။** စာရေးသူတို့နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်မှုသည် ပြည်သူလူထုက အသိပညာရှိရှိ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုကြောင့်ပင် ဖြစ်သည်။

တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့နှင့် ပတ်သက်ပြီး ပြည်သူအများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် နိုင်ငံတော်က တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ရန်၊**

(ခ) **တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊**

(ဂ) **တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ ထိန်းချုပ်နိုင်ရန်၊**

(ဃ) **ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အစာများကို စစ်ဆေးနိုင်ရန်၊**

(င) **ပြည်ပသို့တင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများနှင့် စပ်လျဉ်း၍ ထောက်ခံချက်လက်မှတ် ထုတ်ပေးနိုင်ရန်၊**

(စ) **တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းမှ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်။**

တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပါ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့အတွက် ပြည်သူများ လိုက်နာနိုင်စေရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် ဩဂုတ် ၅ရက် ရက်စွဲဖြင့် အမိန့်အမှတ် ၄၅/၉၉ကို ထုတ်ပြန်ခဲ့ပါသည်။ အမိန့်တွင် တိရစ္ဆာန်မွေးမြူသူများ၊ တိရစ္ဆာန်ပိုင်ရှင်၊ သို့မဟုတ် လက်ဝယ်ရှိသူများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်–

(က) **ကာကွယ်ဆေးထိုးခြင်း။** တိရစ္ဆာန်ပိုင်ရှင်၊ သို့မဟုတ် လက်ဝယ်ရှိသူသည် မိမိ၏ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ၊ ငုံး၊ ရစ်၊ ခွေး၊ ကြောင်၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သို့မဟုတ် မွေးမြူထားသည့် အခြားတိရစ္ဆာန်များတွင် လိုအပ်သည့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးခြင်း ရှိ၊ မရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိ ဝန်ထမ်း၏ စစ်ဆေးခြင်းကို ခံရယူရမည့်အပြင် ယင်းတာဝန်ရှိ ဝန်ထမ်း၏ ညွှန်ကြားချက်ကိုလည်း လိုက်နာရမည်။

(ခ) **တိရစ္ဆာန်ဖြတ်သန်းသွားလာမှုကိုစစ်ဆေးခြင်း။** တိရစ္ဆာန်ပိုင်ရှင်၊ သို့မဟုတ် လက်ဝယ်ရှိသူသည် တိရစ္ဆာန်ကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ သို့မဟုတ် တိုင်းတစ်ခုမှ အခြားတစ်ခုသို့ သယ်ဆောင်မောင်းနှင်ရာတွင်–

(၁) စတင်ထွက်ခွာမည့် မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဝန်ထမ်းမှ ထုတ်ပေးသည့် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် ရယူရမည်။

(၂) ဖြတ်သန်းသည့် မြို့နယ်များနှင့် အနီးဆုံးမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်တာဝန်ခံဝန်ထမ်းများ၏ ကူးစက်ရောဂါကင်းရှင်းခြင်း ရှိမရှိ စစ်ဆေးခြင်း ခံယူရမည်ဖြစ်ပြီး ယင်းတိရစ္ဆာန်အား လိုအပ်သော ကာကွယ်ဆေးထိုးခြင်းကို ခံယူရမည်။

(၃) သယ်ဆောင်မောင်းနှင်သော တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေပါက စစ်ဆေးသူ၏ ညွှန်ကြားချက်ကို လိုက်နာရမည်။

(၄) ကာကွယ်ဆေးထိုးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ်အတွက် ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေ ပေးဆောင်ရမည်။

(ဂ) **မျိုးထုတ်လုပ်သည့်ခြံနှင့် ဥဖောက်လုပ်ငန်းစစ်ဆေးခြင်း။** မျိုးတိရစ္ဆာန်ထုတ်လုပ်သည့် ခြံလုပ်ငန်း ဆောင်ရွက်သူများသည် တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ကူးစက်ရောဂါများ ရှိမရှိ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။ ၎င်းပြင် မျိုးထုတ်လုပ်သည့်ခြံ အဆောက်အအုံနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှု၊ ရောဂါဖြစ်ပွားမှု၊ ကာကွယ်ဆေးထိုးမှု၊ အစာဝယ်ယူသည့် ဒေသ၊ စက်ရုံ၊ အရောင်းဆိုင် မှတ်တမ်းနှင့် အခြားမှတ်တမ်းများ စနစ်တကျထားရှိမှုတို့ကို စစ်ဆေးခံရမည့်အပြင် ဦးစီးဌာနက မျိုးအတွက်အသုံးပြုရန် ထောက်ခံချက် ထုတ်ပေးသည့် တိရစ္ဆာန်နှင့် ယင်း တိရစ္ဆာန်မှရရှိသည့် အထီးမျိုးရည်၊အမမျိုးဥ၊ သန္ဓေသားလောင်း၊ မျိုးဥ၊ သို့မဟုတ် သားပေါက်အကောင်တို့ကိုသာ ဖြန့်ဖြူးရောင်းချရမည်။

ဥဖောက်လုပ်ငန်းဆောင်ရွက်သူသည်လည်း ဥဖောက်စက်မှတစ်ဆင့် ကူးစက်ရောဂါများ ပြန့်ပွားခြင်းမရှိစေရန် ဦးစီးဌာနက သတ်မှတ်ထားသော ဥဖောက်စက် ပိုးသတ်ခြင်း အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ပြီး ထောက်ခံချက်လက်မှတ်ရှိသည့် တိရစ္ဆာန်မှရရှိသော မျိုးဥကိုသာ သားဖောက်ရန်နှင့် ၎င်းမျိုးဥမှပေါက်သော သားပေါက်အကောင်ကိုသာ ဖြန့်ဖြူးရောင်းချရမည် ဖြစ်ပါသည်။

(ဃ) **မွေးမြူရေးခြံကိုစစ်ဆေးခြင်း။** အသား၊ နို့၊ ဥနှင့်အခြား တိရစ္ဆာန်ထွက် ပစ္စည်းတစ်မျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးသည့် မွေးမြူရေးခြံများသည် တိရစ္ဆာန်ကျန်းမာရေး၊ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ် မဖြစ်စေရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်း၏စစ်ဆေးမှုကို ခံယူရမည်။ စစ်ဆေးရန်လိုအပ်သော နမူနာပစ္စည်းကို အခမဲ့ပေးအပ်ရမည့်အပြင် စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသည့် အခကြေးငွေ ပေးဆောင်ရမည်။ စစ်ဆေးချက်အရ မွေးမြူရေးခြံတွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိရသဖြင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းချခြင်း မပြုရန် တားမြစ်ပါက လိုက်နာရမည့်အပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး၊ ကူးစက်ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အများပြည်သူ ဘေးအန္တရာယ် မဖြစ်စေရေးဆိုင်ရာ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည် ဖြစ်ပါသည်။

(င) **လူအများစားသုံးရန်သတ်ဖြတ်မည့် တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးခြင်းနှင့် အသားစစ်ဆေးခြင်း။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်များ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်မှအပ အခြားဒေသများတွင် လူအများစားသုံးရန် သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးနှင့် သတ်ဖြတ်ပြီးသော တိရစ္ဆာန်၏အသား၊ အစိတ်အပိုင်းများနှင့် သားသတ်ရုံတို့ကို စစ်ဆေးနိုင်သည်။ သားသတ်လိုင်စင်ရရှိသူသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းက သတ်ဖြတ်မည့်တိရစ္ဆာန်၏ ကျန်းမာရေးကို စစ်ဆေးပြီး ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ရရှိမှသာ တိရစ္ဆာန်ကိုသတ်ဖြတ်ရမည့် အပြင် သတ်ဖြတ်ပြီး တိရစ္ဆာန်၏ အသားကိုလည်း ဦးစီးဌာနဝန်ထမ်းက စစ်ဆေး၍ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ရရှိမှသာ လူအများစားသုံးရန် ဖြန့်ဖြူးရောင်းချရမည် ဖြစ်ပါသည်။ ထိုသို့ စစ်ဆေးရန်အတွက် ဦးစီးဌာနဝန်ထမ်းက လိုအပ်သည့် နမူနာပစ္စည်းများကို အခမဲ့ပေးအပ်ရမည့်အပြင် စစ်ဆေးခြင်းနှင့် ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းတို့အတွက် သတ်မှတ်ထားသည့် အခကြေးငွေ ပေးဆောင်ရပါမည်။

တိရစ္ဆာန်ထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းနှင့် သိုလှောင်ခြင်းလုပ်ငန်း ဆောင်ရွက်သူများသည်လည်း ဦးစီးဌာနဝန်ထမ်းက သတ်ဖြတ်မည့် တိရစ္ဆာန်၊ စက်ရုံ၊ သိုလှောင်ခန်း၊ သိုလှောင်ထားသည့်ပစ္စည်းနှင့် အခြားသက်ဆိုင်သည့်နေရာများအား စစ်ဆေးခြင်းကို ခံယူရမည့်အပြင် ညွှန်ကြားချက်များကိုလည်း လိုက်နာရပါမည်။ ဦးစီးဌာနဝန်ထမ်းက စစ်ဆေးရန် လိုအပ်သော နမူနာပစ္စည်းကို အခမဲ့ပေးအပ်ရမည့်အပြင် စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေ ပေးဆောင်ရပါမည်။

အထက်ဖော်ပြပါ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်သူများသိရှိပြီး လိုက်နာဆောင်ရွက်ရန် အထူးပင်လိုအပ်လှပါသည်။

နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ အပါအဝင် ကူးစက်ရောဂါဖြစ်ပွားခြင်းများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်ရေး၊ အစားအစာလုံခြုံစိတ်ချရမှု၊ ပြည်သူလူထုကျန်းမာရေးအပါအဝင် ခရီးသွားလုပ်ငန်းများကိုပါ ထိခိုက်စေသဖြင့် ပြည်သူလူထု တစ်ရပ်လုံး အလေးထား ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကို ပြည်သူလူထု အသိပညာရှိမှုနှင့် စနစ်တကျ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကောင်းမွန်စွာ ထိန်းချုပ်နိုင်သကဲ့သို့ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှုများကိုလည်း တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပါ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားကြရန် ရေးသား တင်ပြလိုက်ပါသည်။ ။

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန်လို အတွေးအမြင် ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ရန်ရည်ရွယ် ပင်လယ်ပြင်နှင့်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စာတမ်းဖတ်ကြား



**ရန်ကုန် ဇွန် ၂၉**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ အထူးလုပ်ငန်း အဖွဲ့(၂)က ကြီးမှူး၍ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း အတွေးအမြင်ကို ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၊ မြန်မာပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သည့် အဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စာတမ်းဖတ်ပွဲကို ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်း အဖွဲ့(၂)၏ တာဝန်ခံ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**ဖတ်ကြား**

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ မိန့်ခွန်းကို ကော်မတီ အတွင်းရေးမှူး ဦးကျော်ခင်က ဖတ်ကြားသည်။

**စာတမ်းဖတ်ပွဲကျင်းပ**

ယင်းနောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးလှဝင်းက Conservation Why and How? စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါ်ခိုင်ခိုင်သိန်းက Study on the Species Composition and Conservation of Shark Species in Myeik Coastal Region စာတမ်းကို လည်းကောင်း၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခ ဒေါ်နန်းမြဟန်က Study on the Status of the Marine Environment of Myeik Archipelago and Conservation Needs စာတမ်းကို လည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က Myanmar Perspectives on the Oceanic and Atmospheric Phenomena along Myanmar Coastal Areas စာတမ်းကို လည်းကောင်း၊သစ်တောဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်က Mangrove စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါ်ဝါဝါမင်းက Recent Status of Mangrove Ecosystem in Chaung Tha Region စာတမ်းကို လည်းကောင်း၊မြိတ်တက္ကသိုလ်သတ္တဗေဒဌာနမှ တွဲဖက် ပါမောက္ခ ဒေါက်တာစုစုက Some Coastal and Marine Conservation Problems Around the World and in Myanmar စာတမ်းကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ရေးသားသည့် Natural Environment: To Save & Serve Tourism စာတမ်းကို ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ခင်သန်းဝင်းက လည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြသည်။

**အမှာစကားပြောကြား**

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်း အဖွဲ့၏ တာဝန်ခံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက နိဂုံးချုပ် အမှာစကား ပြောကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၉)ရပ်ကွက် ပရဟိတ ကံဦး ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းတိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ဇွန်၂၄ရက်တွင် ရန်ကုန်မြို့ ကွမ်းရင်စီ တရုတ်ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးအာစာရက အလှူငွေကျပ် သိန်း ၂၀ ကို အကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့် (OK) ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြစ်ငယ်၌ ပညာသင်ဆုပေးအပ်

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ် အနောက်သာယာကုန်းနေ အထွေထွေလုပ်ငန်းရှင် ဦးမြင့်ဝေ-ဒေါ်နုနုနှင့် စေတနာရှင်များကထောက်ပံ့ ငွေပဒေသာပင် စိုက်ထူ၍ စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူ များ အား ပညာသင်ဆု စာမေးပွဲ ကျင်းပပြီး ၂၀၀၇ ခု စတုတ္ထအကြိမ် ထာဝရ ငွေပဒေသာပင်မှ ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၇နာရီခွဲက မြစ်ငယ် မီးရထားခန်းမ၌ကျင်းပသည်။ ရေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးသန်းက ဂုဏ်ပြု အမှာစကား ပြောကြားပြီး ဆုချီးမြှင့်ပွဲ ကျင်းပရာ ဘာသာရပ် ဂုဏ်ထူးဆု ၁၅၀၊ အထူးဆု ၇၁ ဆု၊ အဆင့်(၁)မှ အဆင့် ၁၀ အထိ ၁၂ဆု၊ သင်ကြားမှုစွမ်းရည်ဆု ခြောက်ဆု၊ ဘာသာစုံဂုဏ်ထူးဆု လေးဆုနှင့် ပညာသင်ဆု သုံးဆု ရရှိသူများကို ထာဝရငွေပဒေသာပင်ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ယခုနှစ် ထာဝရ ငွေပဒေသာပင် ဆုတွင် အမရပူရမြို့နယ်အတွင်း မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၉၀ကျော်မှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြပြီး ဆုချီးမြှင့်ငွေမှာ ငွေကျပ် ငါးသိန်း သုံးသောင်း ဖြစ်ကြောင်း သိရသည်။ (၂၀၉)

## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်နှင့် ဝန်ထမ်းများသည် ကျေးလက်နေပြည်သူများအသိပညာဗဟုသုတများဖွံ့ဖြိုးစေရေးအတွက် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးလုပ်ငန်းများကို မေ ၂၂ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ ရေးဦးစွာ တဲစုကျေးရွာ လောကရေ့ဆောင်စာကြည့်တိုက်တွင် ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာအုပ်နှင့်ပရိဘောဂများ တိုးပွားရေး၊ ငွေပဒေသာပင် တိုးပွားရေး၊ ကျေးလက်ပြည်သူများ စာဖတ်အလေ့အကျင့်တိုးပွားရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဦးစီးမှူးနှင့်အဖွဲ့သည် ပင်းတလဲအုပ်စု၊ လေးမျက်နှာနှင့် ပင်းတလဲကျေးရွာများသို့ သွားရောက်၍ အလှူရှင်နှင့် ကျေးရွာပြည်သူစုပေါင်း ဆောက်လုပ်လျက်ရှိသည့် ငွေကျပ် ၂၅သိန်းတန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

## မြင်းမူ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃/၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၄ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုက အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ပြည့်က သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ အမျိုးသမီးသင်တန်းသူ ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**မြန်မာ့အလင်း**

**ပြည်တွင်း သတင်း အတိုအထွာ**

## ဂန့်ဂေါခရိုင် ပြန်/ဆက်ဦးစီး ပညာသင်စရိတ်ထောက်ပံ့

**မကွေးတိုင်း ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းသားသမီးများ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၃ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ပညာသင်စရိတ်နှင့် ဗလာစာအုပ်များ ပေးအပ်ထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့သော ပညာသင်စရိတ်ထောက်ပံ့ငွေများကို ခရိုင်အတွင်းရှိဝန်ထမ်းသားသမီး ၂၁ဦးအား ဦးစီးအရာရှိကလည်းကောင်း၊ ခရိုင်ရုံးဝန်ထမ်းများက စုပေါင်းထောက်ပံ့သည့် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဒုတိယဦးစီးမှူး ဒေါ်အေးအေးကလည်းကောင်း ထောက်ပံ့ပေးအပ်သည်။**

(ခရိုင် ပြန်/ဆက်)

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် တနင်္ဂနွေနေ့

**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့**

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန




**ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၆၃လမ်းနေ ဖခင်ကြီး ဦးချစ်တိုး(၁၆)နှစ်ပြည့်အားရည်စူး၍ မိခင်ကြီး ဒေါ်သန်း(၈၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သားသမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွား ဆောင်သစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## သွေးလွန်တုပ်ကွေးကာကွယ်ရေး နွားထိုးကြီးတွင်ဆောင်ရွက်

နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မာလာမျိုး ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အမှုဆောင်များ ပါဝင်သောအဖွဲ့သည် ဇွန် ၅ရက် နံနက်က သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်၊ ယင်နှိမ်နင်းရေး လုပ်ငန်းကို အမှတ်(၁) နှင့် အမှတ်(၂) ရပ်ကွက်များအတွင်း ဆောင်ရွက်ကြရာ ရပ်ကွက် သန့်ရှင်းရေးလုပ်ငန်းများ၊ ရေဆိုးရေပုပ်များ ကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ကြပြီး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို အိမ်တိုင်းဆောင်ရွက်ရေး ပညာပေး ဟောပြောကြသည်။ (၂၂၇)

## မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်

**၂၀၀၇ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရေစကြိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇွန်၁၈ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ချိုပြုံးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ လူနေမှုနှင့် တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မာလာက အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို ဟောပြောသည်။**

**ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးမှူး ဒေါ်စုမြတ်ခိုင်က အမျိုးသမီးများနှင့် ပတ်သက်သော အကြမ်းဖက်မှုဆိုင်ရာ ဥပဒေများအကြောင်းကို ဆွေးနွေးဟောပြောသည်။**

**ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်ကိုးဦးက မဲနှိုက်ပြီး ကျရာခေါင်းစဉ်အလိုက် ပြိုင်ပွဲဝင်ကြကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

## ရာသက်ပန် အသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်ပေးအပ်

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ရာသက်ပန် အသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ် ပေးအပ်ပွဲကို ဇွန် ၁၈ ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မေထွေးက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ နယ်မြေငါးခုမှမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်၆၁၀၀တို့အားရာသက်ပန် အသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ အသင်း အတွင်းရေးမှူး ဒေါက်တာခိုင်မြတ်မင်းနှင့် အသင်းအမှုဆောင်များက ပေးအပ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

## ခရိုင် မိခင်/ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မိတ္ထီလာပညာရေးကောလိပ်၌ ကျပန်းစကားပြောပြိုင်

မိတ္ထီလာ ဇွန် ၈

**မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို မေ ၃၁ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ ပညာရေးကောလိပ် ပညာရတနာခန်းမတွင် ကျင်းပသည်။**

**အမှာစကားပြောကြား**

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက ပြိုင်ပွဲအဖွင့် အမှာစကားပြောကြားပြီး ပညာရေးကောလိပ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါ်တင်တင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

**ယှဉ်ပြိုင်**

ထို့နောက် ပညာရေးကောလိပ် ကျောင်းသား ကျောင်းသူ ၁၁ဦးတို့က ဆေးလိပ် မသောက်ရေးနေ့ ပြိုင်ပွဲခေါင်းစဉ်များမှ မဲကျရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့် ခရိုင်အဖွဲ့ဝင်များက ပြိုင်ပွဲပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား၊ ဆုများချီးမြှင့်ပေးပြီး ပြိုင်ပွဲအောင်မြင်ရေး ကူညီဆောင်ရွက်ပေးကြသည့် ပညာရေးကောလိပ် ဒုတိယကျောင်းအုပ် ဒေါ်ခင်စန်းမြင့်နှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲ မန္တလေး၌ကျင်းပ

မန္တလေး ဇွန် ၂၀

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဇွန် ၁၂ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်စိုးခန်းမတွင် ကျင်းပသည်။** (အပေါ်ပုံ)

**တက်ရောက်**

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်က အမှာစကားပြောကြားပြီး ဆရာမဒေါ်ကြည်ကြည်အေးက မူးယစ်ဆေးဝါးဆိုတာ ဘာလဲ၊ မူးယစ်ဆေးဝါး နောက်ခံသမိုင်းအကြောင်းကို လည်းကောင်း၊ ဆရာမဒေါ်ဝင်းဝင်းက မူးယစ်ဆေးဝါး ဆိုးကျိုးနှင့် ကာကွယ်တိုက်ဖျက်ရေးအကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက မရှင်းလင်းသည်များ မေးမြန်းရာ တာဝန်ရှိ ဆရာမများက ပြန်လည်ဖြေကြားကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ခန်းမတွင်း ပြသထားသော နံရံကပ်စာစောင်၊ သတင်းစာပါ သတင်းဆောင်းပါးများ၊ သတင်းဓာတ်ပုံများနှင့် ပန်းချီကားများကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

**(၁၆၂)**

## မြို့နယ် သတင်းများ

# စီးပွားရေး စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကနီမြို့၌ကျင်းပ

**ကနီ ဇွန် ၁၀**

မုံရွာခရိုင် ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၇–၂၀၀၈ခုနှစ် စီးပွားရေးစီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**စီမံကိန်းတာဝန်ပေးအပ်**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးကျော်စိုးမင်းက အမှာစကားပြောကြားပြီး ရပ်ကွက်နှင့်ကျေးရွာ ၄၈ အုပ်စုမှ ဥက္ကဋ္ဌများအား တစ်အုပ်စုချင်းအလိုက် စီမံကိန်းတာဝန်များကို ပေးအပ်သည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# စီမံကိန်း ရည်မှန်းချက်များ နွားထိုးကြီး၌ တာဝန်ပေးအပ်

နွားထိုးကြီး ဇွန် ၂၀

**မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်၏ ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

တက်ရောက်

**အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် ဌာနဆိုင်ရာ ၃၆ ဌာနမှ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အမှာစကားပြောကြား

**အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁)မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်းက အမှာစကားပြောကြားပြီး စီမံကိန်းရေးဆွဲရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမြင့်အောင်က ၂၀၀၆–၂၀၀၇ ခုနှစ် စီမံကိန်း အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။**

ပေးအပ်

**ထို့နောက် ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ဌာနဆိုင်ရာများကိုယ်စား မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးအား ပေးအပ်သည်။** (၂၁၃)

# တပ်ကုန်း၌ ကျန်းမာရေး ပညာပေးဟောပြော

တပ်ကုန်း ဇွန် ၉

**ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရန်ကုန်ဆေးတက္ကသိုလ် (၂) နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေး ပညာပေးဟောပြောပွဲကို မေ ၂၂ရက် မွန်းလွဲ ၂နာရီက တပ်ကုန်းမြို့ ဆရာစံရပ်ကွက် အမက(၁)တွင် ကျင်းပသည်။**

ပညာပေးဟောပြော

**အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ငွေစံက အဖွင့်အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသား ကျောင်းသူများက ကျန်းမာရေး ပညာပေးဟောပြောကြကြောင်း သိရသည်။** (က–ပ)

# ရှမ်းပြည်နယ် ( တောင်ပိုင်း ) မြန်မာ့အာမခံလုပ်ငန်း ခရီးသွားနှင့်သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးပေးအပ်

တောင်ကြီး ဇွန် ၂၅

**ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးရုံး မြန်မာ့အာမခံလုပ်ငန်း ခရီးသွားအာမခံနှင့် သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် မွန်းလွဲ ၂နာရီက ပြည်နယ်အာမခံ တောင်ကြီးရုံးတွင် ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ ပြည်နယ်အာမခံ တာဝန်ခံ ဦးလွင်ဦးနှင့် ဝန်ထမ်းများ၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ လိုင်းပေါင်းစုံ ဂိတ်တာဝန်ခံများနှင့် လျော်ကြေးရမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးရုံးမှ ပြည်နယ် တာဝန်ခံ ဦးလွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်–တောင်ကြီးခရီးစဉ်တွင်မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသွားသော ခရီးသည်များအား ပြည်နယ်အာမခံ တာဝန်ခံ ဦးလွင်ဦးက လျော်ကြေးငွေများ ပေးအပ်ရာ သေဆုံးသူ နန်းနုရီအတွက် ဦးထွတ်ဟိန်**(အောက်ဝဲပုံ)**အား လျော်ကြေးငွေကျပ် ၁၁သိန်းနှင့် ပျံလွန်တော်မူသော ဦးဥတ္တမသာရအတွက် ဦးထွတ်လုံးအား လျော်ကြေး ငွေကျပ် ၁၁ သိန်း ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**






**ပေါင်မြို့နယ် မုတ္တမ ရဲတပ်ဖွဲ့ စခန်းမှ မိသားစုများ၏ သား၊ သမီးများ အတွက် ၂၀၀၇–၂၀၀၈ ခုနှစ် ပညာသင် ထောက်ပံ့ကြေး ပေး အပ် ပွဲ အခမ်းအနားကို ဇွန် ၅ ရက်က ကျင်းပရာ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ အတွက် ပညာသင် ထောက်ပံ့ကြေးငွေစုစုပေါင်း ငွေကျပ် ၁၄၂၀၀၀ ကို ရဲစခန်းမှူး ရဲအုပ်ခင်ညိုက ပေးအပ်စဉ်။** (၃၈၂)

30-6 (06) 1 6/29/07, 1:56 PM

# အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး
# ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့

နေပြည်တော် ဇွန် ၂၉

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန် ၂၇ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**

**အဖွင့်အမှာစကား**

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်/တိုင်း ဦးစီးမှူးများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများနှင့် စပ်လျဉ်း၍တင်ပြပြီး ပြည်နယ်/တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အထက်မြန်မာပြည် ညှိနှိုင်းရေးမှူးနှင့် အောက်မြန်မာပြည် ညှိနှိုင်းရေးမှူးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး ဆေးဘက်ဆိုင်ရာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြလေးစိန်က ဆေးပညာဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) နှင့်အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ တာဝန်ရှိသူများက အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်း၊ အားကစားလေ့ကျင့်ရေးသင်တန်းတို့နှင့် စပ်လျဉ်း၍ တင်ပြကြသည်။

**ပြန်လည်ရှင်းလင်း**

ဆက်လက်၍ ပြည်နယ်/တိုင်းများမှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနခွဲများမှ ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့် ဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများက ဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် (ဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့် (ဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးစုစုပေါင်းငွေကျပ် ၃သိန်း လေးသောင်းတစ်ထောင်ကို တာဝန်ရှိ သူများထံ ပေးအပ်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရန်ကင်းမြို့နယ် ဝါဆိုမှီဘုန်းတော်ကြီးသင် ပညာရေးကျောင်း
# ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ပစ္စည်းနှင့်အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၉

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၏ ဩဝါဒကိုခံယူ၍ ပညာရေးရန်ပုံငွေ ထိန်းသိမ်းရေးအဖွဲ့က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဝါဆိုမှီဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျောင်း၌ကျင်းပသည်။**(အပေါ်ပုံ)

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရ စာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာပဏ္ဍိတ ဒ္ဓိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုများကို ဆရာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှဝေ**

ဆက်လက်၍ ရန်ကင်းမြို့နယ် ဝါဆိုမှီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ဆုများကို ချီးမြှင့်၍ ကျောင်းသား ကျောင်းသူ ၁၃၄ ဦးတို့အား ကျောင်းဝတ်စုံများနှင့် ဆရာဆရာမ ငါးဦးတို့အား တစ်နှစ်စာ ချီးမြှင့်ငွေကျပ် ငါးသိန်းတို့ကိုပေးအပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

# မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ကြီးမှူး
# လသာနှင့်ပန်းဘဲတန်းမြို့များတွင် ရေအားဖြည့် စက်ရေတွင်းဖွင့်ပွဲနှင့်
# ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ဖြိုးစေတနာ အခမဲ့ဆေးကုခန်းဖွင့်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးမှုဖြင့် လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ဆောင်ရွက်ပြီးစီးသော ရေအားဖြည့်စက်ရေတွင်း ဖွင့်ပွဲကို ယမန်နေ့ နံနက် ၇ နာရီက လသာမြို့နယ် အနော်ရထာလမ်းနှင့် ၂၂လမ်းထောင့်၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များသည် စက်ရေတွင်း ရေဘားကိုဖွင့်လှစ်၍ ရေစတင်လွှတ်ပေးကာ ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အလားတူ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးမှုဖြင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော ရေအားဖြည့် စက်ရေတွင်း ဖွင့်ပွဲကို နံနက် ၇ နာရီ ၁၅ မိနစ်က ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်နိုင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များသည် စက်ရေတွင်း ရေဘားကို ဖွင့်လှစ်၍ ရေစတင်လွှတ်ပေးကာ ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးမှုဖြင့် လသာမြို့နယ်နှင့် ပန်းဘဲတန်း မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဆောင်ရွက်ပြီးစီးသော ရေအားဖြည့် စက်ရေတွင်းများဖွင့်ပွဲနှင့် အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ပန်းဘဲတန်းမြို့နယ်ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Sun Flower Hotel ခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကား ပြောကြားသည်။



ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ လသာမြို့နယ်နှင့် ပန်းဘဲတန်း မြို့နယ်များမှ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်းဝင် အဆိုပြုလွှာ အစောင် ၁၅၀ စီကို သက်ဆိုင်ရာမြို့နယ်အသင်းဝင်များက ပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီးအသင်းဝင်အသိအမှတ်ပြုကတ်ပြားများပြန်လည် ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန် တာဝန်ရှိသူများသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက် စည်ပင်လမ်းနှင့် သရက်ချောင်းလမ်းထောင့်ရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်း ဖွင့်ပွဲကို မြို့နယ်အသင်းရုံးရှိ အဆိုပါ ဆေးကုခန်းရှေ့၌ ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် ဆေးကုခန်း တာဝန်ခံ ဒေါက်တာ ဉာဏ်လှိုင်ဦးတို့က ဆေးကုခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများသည် ဆေးကုခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါ မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကား ပြောကြားသည်။

**အသင်းဝင်အဆိုပြုလွှာ**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၅၁၃ စောင်ကို မြို့နယ်အသင်းဝင်တစ်ဦးက ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်း ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အသင်း အလုပ်အမှုဆောင် ဦးစန်းမောင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် တစ်သိန်းစီ၊ စက်မှုဇုန်(၁)က ငွေကျပ်ငါးသိန်း၊ စက်မှုဇုန်(၁)ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်း၊ စက်မှုဇုန်(၁)ဥက္ကဋ္ဌနှင့် မော်တော်ယာဉ်ထုတ်လုပ်ရေးက ငွေကျပ် ငါးသိန်း၊ စက်မှုဇုန်(၃) ဥက္ကဋ္ဌနှင့် အလှူရှင်များက ငွေကျပ် ၁၀ သိန်း၊ စက်မှုဇုန်(၂)မိသားစုဝင်များက ငွေကျပ်ငါးသိန်း၊ ရှမ်းတဲကြီးကျေးရွာမှ ဦးသန်းဦးက ငွေကျပ် တစ်သိန်းအပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ်သိန်း ၄၀ ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လက်ခံကြကာ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်က ရန်ကုန်-ပြည်လမ်းဘေး ဝဲယာတစ်လျှောက် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်း လုပ်ငန်းများအား ဒုတိယဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)

30-6 (07) 1 6/29/07, 1:56 PM

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်အား ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သောအဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇွန် ၂၉

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်အား ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Liu Tinggui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ရက် ညနေ ၄ နာရီခွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။**

### တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ညပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်သည် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Liu Tinggui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



## တွေ့ဆုံနှုတ်ဆက်

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်အား ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Liu Tinggui နှင့်အဖွဲ့ဝင်များ တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ)ရေကူးကန်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များနှင့် ပြိုင်ပွဲဝင် အားကစား သမားများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ပြိုင်ပွဲတွင် အသင်း၁၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းရေကူးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိ ဦးဆောင်သောအဖွဲ့ မန္တလေးတန်ခိုးကြီးဘုရားများ ဖူးမြော်၊ ပုဂံညောင်ဦးမြို့သို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၂၉

**ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိ ဦးဆောင်သော ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဇွန် ၂၅ ရက်မှ ၂၉ရက်အထိ လာရောက်လည်ပတ်ခဲ့သည်။ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့်အတူ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စတာချားလ်စ်ဂျေပီထရေးနှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှရီဆတာတို့က ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည်။**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

### ဖူးမြော်ကြည်ညို

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၅ ရက်တွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသို့ သွားရောက်ခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)မှ 'ဝ' တိုင်းရင်းသား လူမျိုးစုများနှင့်လည်း သီးခြားတွေ့ဆုံခဲ့၍ ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

ယင်း ကိုယ်စားလှယ်အဖွဲ့သည် ဇွန်၂၆ရက်တွင် နေပြည်တော်သို့ သွားရောက်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်က နေပြည်တော်လေဆိပ်၌ ကြိုဆိုသည်။

ထို့နောက် ကိုယ်စားလှယ် အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာတို့အား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သွားရောက်တွေ့ဆုံခဲ့သည်။

### တည်ခင်းဧည့်ခံ

ညပိုင်းတွင်အဆိုပါကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယင်းကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၂၇ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထို့နောက်အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ပုဂံညောင်ဦးမြို့သို့လှည့်လည်ကြည့်ရှုရန် ထွက်ခွာသွားခဲ့သည်။

### ရှင်းလင်းဆွေးနွေးပွဲ

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ရက်တွင် ပုဂံညောင်ဦးမြို့မှ မန္တလေးမြို့သို့ လေကြောင်းဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးမြို့တွင်တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုကာ ရန်ကုန်မြို့သို့ ထွက်ခွာခဲ့သည်။ ထို့နောက် ယင်းကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံး၌ ရန်ကုန်မြို့မှ ကုလသမဂ္ဂ ဌာနေဝန်ထမ်းများအား သီးသန့်ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအားပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နေရာဟောင်း) စစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး(ရေး) ဒုတိယရဲမှူးကြီးခင်မောင်ငွေက အမှာစကား ပြောကြားပြီး တပ်ဖွဲ့ဝင်နှင့် စာရေး ဝန်ထမ်းများ၏ သားသမီး ၈၆၇ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေ ကျပ် ၅၈၂၉၅၀၀ ကို သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များသို့ ပေးအပ်ကြောင်း သိရသည်။

**(အောက်ပံ့) (သတင်းစဉ်)**





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ပထမဆုရ သဃ်န်းကျွန်းမြို့နယ် တိုက်ကွမ်ဒို အားကစားအဖွဲ့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန်၂၉ ရက်က သဃ်န်းကျွန်းမြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပထမဆုရမြို့နယ် တိုက်ကွမ်ဒိုအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေ ကျပ် ၁၂၀၀၀၀ ပေးအပ်ချီးမြှင့်စဉ်။** (ဝ၅၂)

# NLD သည် အာဏာရရှိရေးတစ်ခုတည်းကို ရှေ့တန်းတင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ပစ်ပယ် နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ရှေးရှု ပုသိမ်မြို့နယ်မှ ပါတီဝင်လေးဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇွန် ၂၉**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအောင်ကျော်မြင့်၊ ဦးမျိုးဝင်း၊ ဦးသန်းဌေးနှင့် ဦးစိန်ဌေးတို့လေးဦးသည် ဇွန် ၂၁ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

### နုတ်ထွက်

ပုသိမ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ အာဏာရရှိရေးတစ်ခုတည်းကို ရှေ့တန်းတင်လွန်းနေကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုပစ်ပယ်၍ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ရှေးရှုဆောင်ရွက်နေသည်ကို တွေ့မြင်ရသဖြင့် စိတ်ပျက်ပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုမှုမရှိတော့သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# နိုင်ငံကြီးအချို့၏သတင်းမီဒီယာများ မလိုလျှင်မလိုသလို အမှန်ကိုအမှားဖြစ်အောင်ထိုးနှက်နေ စာနယ်ဇင်းဆိုင်ရာ စောင့်ထိန်းရမည့်ကျင့်ဝတ်များချိုးဖောက်မှု အားလုံးအသိပင်ဖြစ် ပြည်သူလူထုအတွင်း မိမိတို့မီဒီယာလုပ်ငန်းများ လွှမ်းမိုးနိုင်ရန် တန်ပြန်ထိုးစစ်ဆင် ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် တိုင်းရင်းသားပြည်သူများနယ်ပယ်အတွင်း ပြန်ကြားရေးမှူးကောင်း၊ ဆက်သွယ်ရေးမှူးကောင်းနှင့် စည်းရုံးရေးမှူးကောင်းများအဖြစ်ရပ်တည်

ရန်ကုန် ဇွန် ၂၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ရုံးခန်းမဆောင်သစ်ကြီး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းတက်ရောက်၍ အမှာစကားပြောကြားသည်။** (ယာပုံ)





## သင်တန်းဆင်းပွဲတက်ရောက်

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဤသင်တန်းမှ ပို့ချပေးခဲ့သည့် သင်ခန်းစာ ဘာသာရပ်များဖြစ်သည့် အမျိုးသားရေးဝါဒ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု သတင်းရေးသားခြင်း၊ သတင်းထောက်လှမ်းခြင်း၊ သတင်းစာထုတ်လုပ်ခြင်း၊ သတင်းစာတိုက် ဖွဲ့စည်းခြင်း၊ ဆောင်းပါးအမျိုးမျိုးရေးသားခြင်း၊ လုံခြုံရေးအတွက် သတင်းစုဆောင်းခြင်း၊ မှားတတ်သော မြန်မာစာအရေးအသားများ၊ ခေတ်မီမီဒီယာလုပ်ငန်းများ၊ သတင်းဓာတ်ပုံနှင့် တီဗွီကင်မရာရိုက်ကူးခြင်း၊ ရေဒီယိုဂျာနယ်လစ်ဇင်၊ ရုပ်မြင်သံကြားသတင်းတည်းဖြတ်ခြင်း၊ ကဗျာစပ်နည်းအခြေခံ၊ ကာတွန်းရေးဆွဲခြင်း အတတ်ပညာစသည့် စာနယ်ဇင်းဆိုင်ရာ ပညာရပ်အသီးသီးနှင့်ပတ်သက်ပြီး လေ့လာဆည်းပူးခဲ့ကြပြီးဖြစ်ကြောင်း။

## ပြုစုပျိုးထောင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄)တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဩဝါဒစကား မြွက်ကြားခဲ့ရာမှာ **နိုင်ငံတော်ကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်အဖြစ် အမြန်ရောက်ရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံမှာရှိသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အထူးလိုအပ်သည့် အချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်သည် အားကြီး(၃)အားကို မြင့်မားသည်ထက် မြင့်မားလာအောင် ပြုစုပျိုးထောင်သွားရမည်ဖြစ်ကြောင်း၊ အားကြီး(၃)အားဆိုသည်မှာ စည်းရုံးရေးအား၊ စီးပွားရေးအားနှင့် ကာကွယ်ရေး စွမ်းအားများပင်ဖြစ်ကြောင်း။**

**ယင်းအားကြီး (၃)အားသည် အပြန်အလှန် အကျိုးပြုသည့်သဘောရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးစေသကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံရေးအားဖြင့်လည်း တည်ငြိမ်မှုရစေကြောင်း၊ နိုင်ငံတော်ကို ပြည်တွင်းပြည်ပရန်များက လုံခြုံစိတ်ချစွာ ကာကွယ်စောင့်ရှောက်ပေးသည့် ကာကွယ်ရေးအား ပြည့်စုံလာသည်နှင့်အမျှ နိုင်ငံတော်သည် လုံခြုံအေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ နိုင်ငံရေးအရလည်း ခိုင်မာသည့် ဒီမိုကရေစီ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် နိုင်ငံတည်ငြိမ်အေးချမ်းသာယာရေးအတွက် အသက်၊ သွေး၊ ချွေးများပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်နေရသော်လည်း အခြားတစ်ဖက်တွင် ပြည်ပအားကိုး အဆိုးမြင်ဝါဒီများက အခြေအနေ ယိုယွင်းအောင် ဆူပူမှုများဖြစ်ပေါ်လာအောင် အားထုတ်ပြီး လုပ်ကြံနေကြပြန်ကြောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက်ခိုင်မာ ကျစ်လျစ်သည်ထက် ကျစ်လျစ်ပြီး ရေပက်မဝင်သည့် စုစည်းညီညွတ်မှုမျိုးကို တည်ဆောက်ရမည်ဖြစ်ကြောင်း** စသည်ဖြင့် လမ်းညွှန်ဩဝါဒပြုခဲ့သည့် လမ်းညွှန်ချက်များကို သတိမူနာယူ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## မနားမနေကြိုးပမ်း

နိုင်ငံတော်အစိုးရနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ မနားမနေ ကြိုးပမ်းဆောင်ရွက်နေသည်ကို ပြည်တွင်းပြည်ပအဖျက်သမားများက မဟုတ်မမှန်ပြောဆိုရေးသားဝေဖန်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဖြောင်ကျကျဝင်ရောက် စွက်ဖက်နေကြကြောင်း။

နိုင်ငံကြီးအချို့၏ သတင်းမီဒီယာလုပ်ငန်းအချို့သည် လိုလျှင် လိုသလို မလိုလျှင်မလိုသလို အမှားကို အမှန်ဖြစ်အောင်၊ အမှန်ကို အမှားဖြစ်အောင် သတင်းထုတ်လွှင့် ထိုးနှက်နေသည်များမှာ စာနယ်ဇင်းဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို ချိုးဖောက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့် ဆိုသည့်စကားနှင့်အညီ အမှန်တရားကို အခြေခံ၍ စည်းရုံးရန်ဆိုသည်ကို အမြဲလက်ကိုင်ထားပြီး အသင်းဝင်သင်တန်းသူများအနေဖြင့် ပြည်သူလူထုအတွင်း မိမိတို့၏ မီဒီယာ လုပ်ငန်းများကို ထိုးဖောက် လွှမ်းမိုးနိုင်ရန် သတင်းမီဒီယာ တန်ပြန်ထိုးစစ်များနှင့် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အသင်းဝင်သင်တန်းသူများသည် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ကြမည့် နိုင်ငံသားကောင်းများပီပီ ဒို့တာဝန်အရေး(၃)ပါးကို မမှိတ်မသုန်ခံယူပြီး ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြပါ။

အသင်းကြီး၏ မီဒီယာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရန်အတွက် သင်တန်းက ရရှိခဲ့သည့် အတွေ့အကြုံနှင့် သတင်းနှင့်ပြန်ကြားရေးမီဒီယာ နည်းပညာရပ်များကို လက်တွေ့နယ်ပယ်မှာ အသုံးပြုသွားကြပါ။

သင်တန်းသူများသည် ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် အသင်းဝင်များအတွင်း၊ တိုင်းရင်းသား ပြည်သူများ နယ်ပယ်အတွင်းမှာ ပြန်ကြားရေးမှူးကောင်းများ၊ သတင်းဆက်သွယ်ရေးမှူးကောင်းများ၊ စည်းရုံးရေးမှူးကောင်းများအဖြစ် ရပ်တည် ဆောင်ရွက်သွားနိုင်အောင် အသိမှန်၊ ခံယူချက်မှန်နှင့် အပတ်တကုတ် ကြိုးပမ်း အားထုတ်သွားကြရန် ပြောကြားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းထူးချွန် ပထမဆုရ ကယားပြည်နယ်မှ ဒေါ်ဖြူစင်သန့်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဒေါ်ထားထားရွှေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှဒေါ်စန်းစန်းအေးတို့အား ဆုများကိုလည်းကောင်း၊သင်တန်းဆင်း လက်မှတ်များကို သင်တန်းသူတစ်ဦးအားလည်းကောင်း၊ သင်တန်းနည်းပြဆရာများကိုယ်စား ဆရာတက္ကသိုလ်မြတ်သူအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

---

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များနှင့်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၉

**မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံသည်။**

## ရှင်းလင်းပြောကြား

ကလေးသူငယ်များနှင့်လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာ ကုမာရဆွာမိသည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာရန် ရန်ကုန်ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrieနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့ လိုက်ပါ၍ နံနက် ၈နာရီ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာပြီး ရှေးဦးစွာ ပြည်ပဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များနှင့်တွေ့ဆုံ၍ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းကာ မြန်မာနိုင်ငံသို့ လာရောက်ရခြင်း၏အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များက သိရှိလိုသည်တို့ကို မေးမြန်းကြရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိက ပြန်လည်ဖြေကြားပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

---

# ဩဝါဒါစရိယဆရာတော်ကြီးများ နှစ်ပတ်လည်ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက် ၂၀၃တိုက်မှ စာသင်သား သံဃာတော် ၂၂၅၀၈ပါးတို့အား တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်လှူဒါန်းနေသော ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ အကျိုးတော်ဆောင်များက (ပထမဝါဆိုလပြည့်ကျော် ၂ရက်) ဇူလိုင် ၁ရက် နံနက် ၁၀ နာရီတွင် အသင်းတိုက်ကြီး၌ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ပါးတို့အား (၈၁)ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်း ဩဝါဒခံယူပြီး အမှုဆောင်များ၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်ဖြစ်သည်။ **(က–ပ)**

---



**ဖခင် ဦးချစ်အောင်–မိခင်ဒေါ်ခင်နှင့် မောင်၊ အစ်ကို ကိုမျိုးဝင်းတို့အား ရည်စူး၍ အင်းစိန်မြို့နယ် ဖော့ကန် ရပ်ကွက် ညောင်တပင်လမ်းနေ ကျန်ရစ်သူ မောင်နှမများ ဖြစ်သော ဒေါ်ငွေးကြည်၊ ဦးငွေးလွင်၊ ဦးအောင်နိုင်၊ ဦးကျော်နိုင်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ပဒေသာပင်အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။** (က–ပ)

---

# မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု သက်ကြီးဘိုးဘွားပူဇော်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ဆောင်

**ရန်ကုန် ဇွန် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက လားရှိုးမြို့ မန်ဆူဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဓမ္မာရုံကြီး၌ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကူညီဆောင်ရွက်အားပေးကြသည်။

## ဆောင်ရွက်ပေး

ရှေးဦးစွာ သက်ကြီးဘိုးဘွား ၄၇ ဦးတို့အား ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေတို့ကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီ ဦးဆောင်သော လုပ်ငန်းအဖွဲ့ဝင်များက လိုက်လံကန်တော့ကြသည်။ ထို့နောက် သက်ကြီးဘိုးဘွားများအား မြို့နယ်ဆရာဝန်ကြီးများက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးကြကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

---

# ဝန်ထမ်းများအတွက်ပထမအဆင့် သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော် အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်း အမှတ်စဉ်(၂၀၅) သင်တန်းဆင်းပွဲကို နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

## ကြာမြင့်

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းသို့ ဝန်ကြီးဌာန ၃၀အောက်ရှိ ဦးစီးဌာန ၃၆ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၁၅ခု တို့မှ ဝန်ထမ်း ၁၅၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

---

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

**MYANMAR WOMEN'S DAY**

**3rd July 2007**



# ပြည်ပရေနံကုမ္ပဏီများနှင့် ဗင်နီဇွဲလား စာချုပ်ချုပ်ဆို

**ကရာကတ် ဇွန် ၂၉**

နိုင်ငံအတွင်း ရေနံလုပ်ငန်းများ ပိုမိုသွက်လက်လာစေရန်အတွက် ပြည်ပမှရေနံကုမ္ပဏီခုနစ်ခုနှင့် ရေနံလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ရေး ဗင်နီဇွဲလားအစိုးရက ဇွန် ၂၇ ရက်၌ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ထိုသို့ ပြည်ပရေနံကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းကြောင့် အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ဗင်နီဇွဲလားနိုင်ငံ၏ ရေနံအရင်းအမြစ်များကိုမူ ဗင်နီဇွဲလားအစိုးရက ထိန်းချုပ်သွားမည်ဖြစ်ကြောင်း အဆိုပါသဘောတူညီမှု လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ဗင်နီဇွဲလား စွမ်းအင်ဝန်ကြီး ရာဖေးလ်ရာမီရက်ဇ်က ပြောကြားသည်။

**တိုးတက်**

ယခုကဲ့သို့ ပြည်ပရေနံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဗင်နီဇွဲလားနိုင်ငံပိုင် ပက်ထရိုလော့စ်ဒီ ဗင်နီဇွဲလား (ပီဒီဗွီအက်စ်အေ)၏ အစုရှယ်ယာဈေးနှုန်းများလည်း ပျမ်းမျှ ၃၉ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းသို့ တိုးတက်လာမည်ဖြစ်သည်။

အဆိုပါ ပြည်ပရေနံကုမ္ပဏီများမှာ ပြင်သစ်မှ တိုတယ်၊ နော်ဝေမှ စတာတွိုင်းလ်၊ အမေရိကန်မှ ချီဗရွန်တက်ရာကို၊ ဗြိတိန်မှ ဘီပီနှင့် အီတလီမှ အီနီကုမ္ပဏီတို့ အပါအဝင် အခြားနိုင်ငံများမှ ရေနံကုမ္ပဏီများ ပါဝင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**ဂျပန်နိုင်ငံ တိုကျိုမြို့အရှေ့မြောက်ဘက်ရှိ တီဆူကူဘာ အာကာသယာဉ်စခန်း၌ အသစ်တည်ဆောက်ထားသော ဆက်သွယ်ရေးဂြိုဟ်တုတစ်ခုကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ရုရှားကဆီးရီးယားသို့ လက်နက်များရောင်းချမည်

ဂျေရုဆလင် ဇွန် ၂၉

**ရုရှားနိုင်ငံအနေဖြင့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ တင်းကျပ်သော ထိန်းချုပ်မှုများဖြင့် ဆီးရီးယားနိုင်ငံသို့ လက်နက်များ ရောင်းချသွားမည်ဖြစ်သည်။**

အစ္စရေးသို့ အလည်အပတ်ရောက်ရှိနေသော ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလဗ်ရော့ဗ်က အစ္စရေးနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်ဟု ပြည်တွင်းမီဒီယာများက ဇွန် ၂၇ရက်၌ ဖော်ပြသည်။

**ပြောကြား**

ရုရှားနိုင်ငံက ဆီးရီးယားသို့ လက်နက်များ ရောင်းချခြင်းသည် အစ္စရေးနှင့် စစ်အင်အားချိန်ခွင်လျှာ ညီမျှအောင် ပြုလုပ်ပေးခြင်းမဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလဗ်ရော့ဗ်က ပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် ပြီးခဲ့သည့် သီတင်းပတ်က ဆီးရီးယားသို့ ဂျက်တိုက်လေယာဉ် ငါးစင်းရောင်းချပေးခဲ့သည်။ အခြားပစ္စည်းများ ရောင်းချမှုအပေါ် သတင်းထုတ်ပြန်ခြင်း မရှိချေ။

ရုရှားနှင့် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့သည် ဒေသဆိုင်ရာကိစ္စရပ် အများအပြားကို ဆွေးနွေးခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အမေရိကန်၌ လျှပ်စစ်ဓာတ်အားပြတ်တောက် မြေအောက်ရထား အချက်ပြစနစ်များ ရှုပ်ထွေးခဲ့ရ

နယူးယောက် ဇွန် ၂၉

**အမေရိကန်နိုင်ငံ၌ ဇွန် ၂၇ ရက်က အပူလှိုင်းကျရောက်ခဲ့မှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရာ မြေအောက်မီးရထား ဆက်သွယ်ရေးစနစ်များ ရှုပ်ထွေးမှု ဖြစ်ခဲ့ရသည်။**

ထိုသို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့မှုကြောင့် နယူးယောက်မြို့တွင် ပြည်သူငါးသောင်းခန့် လျှပ်စစ်ဓာတ်အား မရရှိခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမှာ အချိန်မိနစ် ၅၀ခန့် ကြာကြောင်းသိရသည်။

**ပြတ်တောက်**

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် မြေအောက်မီးရထားများ၏ အချက်ပြ စနစ်များလည်း ပြုလုပ်၍ မရခဲ့ကြောင်း၊ ထို့အတူ မီးသတ်ဌာနနှင့် မက်ထရိုပိုလီတန် ပြတိုက်တို့၌လည်း လျှပ်စစ်ဓာတ်အား မရခဲ့ကြောင်း သိရသည်။

နယူးယောက်မြို့၌ ဇွန် ၂၇ ရက်က အပူချိန်၃၂ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**




# တိုနီဘလဲ၏ ဝန်ကြီးချုပ်ရာထူး ဂေါ်ဒွင်ဘရောင်း လွှဲပြောင်းယူ

**လန်ဒန် ဇွန် ၂၉**

အီရတ်စစ်ပွဲကြောင့် ပြည်သူတို့၏ ယုံကြည်မှုကင်းမဲ့ရခြင်းကို ပြန်လည်ထိန်းသိမ်းရန်အတွက် အစိုးရ၏ မူဝါဒနှင့် အနေအထားပြောင်းလဲရန် ကတိပေးခဲ့ပြီးနောက် တိုနီဘလဲ၏ ဝန်ကြီးချုပ်နေရာအား ဂေါ်ဒွင်ဘရောင်းက ဇွန် ၂၇ ရက်၌ လွှဲပြောင်းရယူလိုက်ပြီဖြစ်သည်။

**ပြုလုပ်ခဲ့**

ဘာမင်ဟမ်နန်းတော်တွင် ဝန်ကြီးချုပ်တိုနီဘလဲ နုတ်ထွက်ခဲ့ပြီး နောက်တစ်နေ့၌ပင် ဂေါ်ဒွင်ဘရောင်းက ဗြိတိန်ဝန်ကြီးချုပ်အဖြစ် လက်ခံမှုအခမ်းအနားကျင်းပခဲ့ခြင်းဖြစ်သည်။

**တည်ဆောက်**

ဂေါ်ဒွင်ဘရောင်းက အမျိုးသားကျန်းမာရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အနေဖြင့် မှန်ကန်သောလမ်းစဉ် တည်ဆောက်နိုင်ရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**



**ထုတ်လုပ်**

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ARJ-21 လေယာဉ် ထုတ်လုပ်သည့် လုပ်ငန်းခွင်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

**ရောဂါဗေဒဓာတ်ခွဲခန်း**

**ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ရောဂါဗေဒဓာတ်ခွဲခန်းတစ်ခု၌ ရောဂါရှာဖွေစမ်းသပ်နေသည်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# အခွန်နှစ်ထပ်ဖြစ်မှုရှောင်ရှားရေး ယူအေအီးနှင့် ဘူလ်ဂေးရီးယားတို့ သဘောတူ

**အဘူဒါဘီ ဇွန် ၂၉**

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နှင့် ဘူလ်ဂေးရီးယားနှစ်နိုင်ငံတို့သည် အခွန်နှစ်ထပ် မဖြစ်စေရေးအတွက် သဘောတူညီချက်တစ်ရပ်ကို ဇွန် ၂၇ ရက်၌ သဘောတူလက်မှတ်ရေးထိုး လိုက်ကြသည်။

အဆိုပါ သဘောတူညီမှုကို ဘူလ်ဂေးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ယူအေအီး ဘဏ္ဍာရေးဝန်ကြီး မိုဟာမက်ခါလ်ဖန်ဘင်ခါဘတ်နှင့် ဘူလ်ဂေးရီးယား ဘဏ္ဍာရေးဝန်ကြီး ပလာမင်အိုရီရှာစကီတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

**ရင်းနှီးမြှုပ်နှံ**

ယခုသဘောတူညီချက်အရ ယူအေအီးနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခွန်နှစ်ထပ်ပေးဆောင်စရာ မလိုတော့ကြောင်း၊ ပုံမှန်အခွန်များသာ ပေးဆောင်ရတော့မည်ဖြစ်ကြောင်း ယူအေအီးဘဏ္ဍာရေးဝန်ကြီး ဘင်ခါဘတ်က ပြောကြားသည်။

**ပူးပေါင်း**

အဆိုပါ သဘောတူညီချက်ကြောင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လုပ်ဆောင်နိုင်တော့မည် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူပွဲ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ ပန်းအလှပင်များ စိုက်ပျိုးပေး

ရန်ကုန် ဇွန် ၂၉

**၂၀၀၇ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ဇွန်၂၇ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆လမ်းနှင့် ၇၈လမ်းထောင့်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းတို့ တက်ရောက်ကြသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးရာ **(အောက်ပုံ)**အသင့်စောင့် ဆိုင်းနေကြသော အိုးစည်၊ ဒိုးပတ် ဝိုင်းများက တပျော်တပါး သီဆို တီးမှုတ် ကခုန်ကြသည်။




### တက်ရောက်

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်း အဖွဲ့၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၁၅၀၀ ကျော် တက်ရောက်ကြသည်။

### ပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး အပန်းဖြေဥယျာဉ်သို့ ရောက်ရှိကြပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ပန်းအလှပျိုးပင်များ စုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အစီအစဉ်အရ တိုင်းမှူးက ပန်းအလှပျိုးပင်များကို လူမှုရေးအသင်း အဖွဲ့များက ကိုယ်စားလှယ်များထံသို့ တစ်ဦးချင်း ပေးအပ်သည်။

### လက်ခံရယူ

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက နှင်းဆီ၊ရွက်လှ၊ကံ့ကော်အစရှိသော ပျိုးပင်ပေါက်များအား ပေးအပ်ရာ ခရိုင်နှင့်မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လက်ခံယူကြသည်။ ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေးအပ်ကြရာ သက်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ပျိုးဥယျာဉ်အတွင်း စိုက်ပျိုးရန်ပြသထားသော ပန်းအလှပျိုးပင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

### စိုက်ပျိုးပေး

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂လမ်းဘေးရှိ မနောရမ္မဥယျာဉ်သို့ ရောက်ရှိကြပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ပန်းအလှပျိုးပင်များ စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး တိုင်းမှူးနှင့် ဇနီးတို့က သတ်မှတ် နေရာများတွင် နွယ်သာကီ ပျိုးပင်များကို စိုက်ပျိုးပေးသည်။

ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ပန်းအလှပျိုးပင် စုပေါင်းပေးအပ် စိုက်ပျိုးပွဲတွင် မန္တလေးခရိုင်အတွင်း စိုက်ပျိုးသည့် ပန်းအလှပင်အရေအတွက်မှာ အောင်မြေသာစံမြို့နယ်၌ ၄၂၆၀၄ပင်၊ချမ်းအေးသာစံမြို့နယ်တွင် ၄၄၉၅၈ပင်၊ မဟာအောင်မြေမြို့နယ်၌ အပင် ၅၄၁၀၀၊ ချမ်းမြသာစည် မြို့နယ်တွင် ၅၀၆၃၈ပင်၊ ပြည်ကြီးတံခွန်မြို့နယ်၌ အပင် ၃၈၂၅၀၊ အမရပူရ မြို့နယ်တွင် အပင် ၅၂၈၃၀၊ ပုသိမ်ကြီးမြို့နယ်၌ ၅၉၃၉၈ပင် စုစုပေါင်း ၃၄၂၇၇၈ပင် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**အိန္ဒိယ သမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ လားရှိုးလမ်း အမှတ် ၃၅နေ စပယ်စိန်ရွှေ ရတနာဆိုင်နှင့် မြတ်မွန် ဓာတ်ပုံတိုက်မှ Sri Pjgaraj နှင့် မိသားစုတို့က တန်ဖိုးကျပ် ၂၅၀၀၀၀ ရှိ နဝရတ် ကိုးသွယ် လက်စွပ် လှူဒါန်းစဉ်။** (က–ပ)

# စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၄)ထွက်ပြီ

**ရန်ကုန် ဇွန် ၂၉**

အဆိုပါ စိမ်းလဲ့ရွှေပြည်ဂျာနယ်တွင် မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်မှုရှိစေရန် မော်တော်ယာဉ်များ မီးခိုးထွက်မှု စိစစ်အရေးယူလျက်ရှိ၊ ပင်ပွားများအား အမယ်သစ်ပို့ကုန်အဖြစ် ဂျပန်သို့တင်ပို့ရန်ကြိုးပမ်း၊ တီဗွီလည်းကြည့် ဂျာနယ်လည်းဖတ်ရမယ်၊ ရွှေညော့်သည်ယာဉ်လိုင်း၊ မြောင်းတကာ စက်မှုဇုန်သည် ပထမဆုံး သဘာဝဓာတ်ငွေ့သုံးစက်ရုံဖြစ်လာနိုင်၊ ကြက်ဥဂုံးများ လူကြိုက်များနေ၊ သဘော်သားများ အသက်အာမခံထားရှိပြီး သက်တမ်းတိုးရန် မမေ့သင့်၊ လာမည့် ဒီဇင်ဘာလ လာနီညာဖြစ်နိုင် ဇွန်လကုန်အထိ စောင့်ကြည့်လျက်ရှိစသည့် ပြည်တွင်းသတင်းများ၊ ရတနာပုံက ဆန်ဈေး(လှမြင့်–ရန်ကုန်တက္ကသိုလ်)၊ မြို့ကြီးသား စိတ်ဓာတ်တွေ မွေးကြ(မြတ်ခိုင်)၊ ၁၄ရက်အတွင်း အကြိုက်ဆုံးသတင်းများ၊ သိသလိုလိုနှင့်(မင်းလှ–စံမြင့်)၊ တိရစ္ဆာန်အညစ်အကြေးနှင့်လယ်ယာသီးနှံစွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်မှု(မောင်မြား)၊ မြန်မာတို့၏ ရှေးအကျဆုံး ရိုးရာခြင်းလုံးခတ်ကစားနည်း (ဖွဲ့မောင်–ဝဲလောင်)၊ ရဟန်းရှင်လူ ဘာသာမရွေး အခမဲ့ကုသိုလ်ပြုကျန်းမာရေး စောင့်ရှောက်မှုပေးနေတဲ့ ဖြိုးစေတနာ(ကျော်မင်းသော်)၊ တောင်းတိုင်းရတတိုင်းပြီး မန္တလေးမြို့မှ ရတနာပုံသာ ဘုရားကြီး(နိုင်ငြိမ်း–အညာတက္ကသိုလ်)နှင့် နိုင်ငံတကာသတင်းများ ဝေဝေဆာဆာဖော်ပြထားသည်။ **(အပေါ်ပုံ)**




စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ NPEစာအုပ်ဆိုင်နှင့်ပန်းရွှေပြည်(သိမ်ဖြူလမ်း) စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်၂၂၈သိမ်ဖြူလမ်း ရန်ကုန် ဖုန်း–၃၈၂၀၇၀သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၀–၆–၂၀၀၇**
**(စနေနေ့)**

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ သေလ္လာထေရ်ရီတရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၈း၀၅ တစ်ပတ်အတွင်း အားကစားသတင်း
၈း၂၀ တေးဂီတအစီအစဉ်
၈း၂၅ သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၉း၀၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၉း၃၀ ပြည်တွင်းသတင်းအကျဉ်း
၉း၄၀ ကောင်းကင်ယံကအန္တရာယ်
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ အရှင်ရာဇိန္ဒ(ရဝေနွယ်–အင်းမ) (သိက္ခာထပ်မွေးနေ့မင်္ဂလာ)
၁၀း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ သစ်ခွ
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ နယူဆန်းထွင်ပန်းအလှဆင် 'Ikenobo'ကျောင်းမှ ဂျပန်ဆရာများ၏ ပန်းအလှ ပြင်ဆင်မှုသရုပ်ပြပွဲ
၁၁း၀၅ မိုးလေဝသခန့်မှန်းချက်
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ လုပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၁း၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၀ စားဖွယ်စုံလင်ဒေသအစားအစာ အစီအစဉ် 'ကချင်ရိုးရာအစားအစာ'
၁၂း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဥက္ကာမင်းမောင်နှင့်တွေ့ဆုံခြင်း)
၁၂း၅၅ တေးဂီတအစီအစဉ်
၁း၀၀ MRTV-4 အပိတ်Logo

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် မွေးမြူရေးနှင့် သစ်တောသရေကျ၊ သိပ္ပံနှင့်နည်းပညာအနိုင်ရ

**နေပြည်တော် ဇွန် ၂၉**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ ပဉ္စမနေ့ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

### ယှဉ်ပြိုင်ကစား

နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ခ) အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန အသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

**သစ်တောရေးရာ ဝန်ကြီးဌာနအသင်း – နှစ်ဂိုး**

ကျောနံပါတ်(၁၀) အောင်ကိုကို တစ်ဂိုး၊ ကျောနံပါတ်(၂၇) ဗိုလ်ဗိုလ်လွင် တစ်ဂိုး။

**မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအသင်း – နှစ်ဂိုး**

ကျောနံပါတ်(၂၁) ပြည့်လင်းကိုကို တစ်ဂိုး၊ ကျောနံပါတ်(၁၁) ဝဏ္ဏအောင် တစ်ဂိုး။

**ကွင်းလယ်ဒိုင်လူကြီး** ဦးမင်းမင်းထွန်း (အဖွဲ့ချုပ်)၊ **တွဲဖက် ဒိုင်လူကြီးများအဖြစ် အဖွဲ့ချုပ်မှ** ဦးကျော်မင်း၊ ဦးသိန်းဇံတင့်နှင့် ဦးကျော်အေး။

### သိပ္ပံနှင့်နည်းပညာအနိုင်ရ

ညနေ ၄နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ခ)အုပ်စုမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားကြရာ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်း – သုံးဂိုး**

ကျောနံပါတ်(၉) သန်းနိုင်ဝင်း သုံးဂိုး။

**ကွင်းလယ်ဒိုင်** ဦးမြလွင်(အဖွဲ့ချုပ်)၊ **တွဲဖက်ဒိုင်လူကြီးများအဖြစ် အဖွဲ့ချုပ်မှ** ဦးဘိုဘိုမြင့်၊ ဦးနိုင်ကိုဟုတ်နှင့် ဦးမျိုးမင်းဟန်။

ညနေ၄နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌ (ဂ) အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

**ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအသင်း – တစ်ဂိုး**

ကျောနံပါတ်(၁၀)စိုးသီဟ တစ်ဂိုး။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်း – တစ်ဂိုး**

ကျောနံပါတ်(၁၀) စိုးမင်းဆန်း တစ်ဂိုး။

**ကွင်းလယ်ဒိုင်လူကြီး** ဦးလှဝင်းထွန်း(အဖွဲ့ချုပ်)၊ **တွဲဖက်ဒိုင်လူကြီးများအဖြစ် အဖွဲ့ချုပ်မှ** ဦးလှအေး၊ ဦးမင်းသန်းနှင့် ဦးဇေယျာထွန်း။ **(က–ပ)**

# စတုတ္ထအကြိမ်မြောက် အာရှလူငယ်ဂူရှုးတံခွန်စိုက်ပြိုင်ပွဲ မြန်မာဂူရှုးအားကစားအဖွဲ့ ရွှေတစ်ခုနှင့်တတိယဆုရရှိ

ရန်ကုန် ဇွန် ၂၉

**ကိုရီးယားသမ္မတနိုင်ငံ Yeong Ju မြို့၌ ဇွန်၂၇ရက်မှ ဇူလိုင်၁ရက်အထိ ကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ်မြောက် အာရှလူငယ်ဂူရှုးတံခွန်စိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော မြန်မာဂူရှုးအားကစားအဖွဲ့သည် ဇွန်၂၈ရက် ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာအသင်းမှ မသက်သက်နိုင်သည် အသက်(၁၅–၁၇)နှစ်အတန်း ဓားမောက်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် မစန္ဒီဦးသည် အသက်(၁၂–၁၄)နှစ်အတန်း တုတ်ပြိုင်ပွဲတွင် တတိယဆုရရှိသည်။**

**အဆိုပါ စတုတ္ထအကြိမ်မြောက် အာရှလူငယ်ဂူရှုးပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၅နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၅၀၀ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

## အာဆင်နယ်တို့ နောက်ထပ် ကြယ်တစ်ပွင့် လက်လွှတ်ရမည်လား

လန်ဒန် ဇွန် ၂၉

**အာဆင်နယ်အသင်းမှ အွန်နရီထွက်ခွာသွားသဖြင့် ပရိသတ်များဝမ်းနည်းကြေကွဲမှုဖြစ်နေရချိန်တွင် အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ကလည်း အသင်းမှပြောင်းရွှေ့တော့မည်ဟု သတင်းများထွက်ပေါ်လာရာ အာဆင်နယ်အသင်းအတွက် ကြီးမားသော ထိုးနှက်ချက်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။**

အွန်နရီ အာဆင်နယ်မှ ထွက်ခွာသွားမှုကြောင့် အသင်းစုစည်းမှုနှင့် စိတ်ဓာတ်ရေးရာအပိုင်း ထိခိုက်မှုဖြစ်ခဲ့ရသလို အာဆင်နယ်အသင်း၏ အားထားစရာ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၏ ပြောင်းရွှေ့မှု သတင်းကလည်း အသင်းပြိုကွဲမှု နိမိတ်သဖွယ် ပရိသတ်များ စိုးရိမ်စိတ်ဝင်နေကြပြီဖြစ်သည်။

### အပြိုင်ကြိုးစား

အာဆင်နယ်၌ တည်ငြိမ်မှုမရှိသည့်အခြေအနေတွင် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က ဖာဘရီဂတ်စ်အား ခေါ်ယူရေးအပြိုင်ကြိုးစားနေကြသည်။ အာဆင်နယ်တို့ ခေါ်ဈေးကို မိမိတို့ပေးရန် ဝန်မလေးပါဟု ရီးရဲမက်ဒရစ်ကလပ်က ဆိုနေသည်။

### ချဉ်းကပ်နေပြီ

ဘာစီလိုနာတို့ကလည်း အသင်း၌ ကွင်းလယ်ကစားသမား ဖြည့်ဆည်းရေး လိုအပ်မှုကို ဖာဘရီဂတ်စ်နှင့် အမြန်အစားထိုးရန် ကြိုးစားမည်ဟု သတင်းထုတ်ပြန်ကာ အာဆင်နယ်အား ချဉ်းကပ်နေပြီဖြစ်သည်။

### ခြေစွမ်းပြ

ဖာဘရီဂတ်စ်သည် အာဆင်နယ်သို့ ၂၀၀၃-၂၀၀၄ဘောလုံးရာသီ၌ စတင်ရောက်ရှိလာခဲ့ပြီး ရောက်စနှစ်မှာပင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ အာဆင်နယ်ကွင်းလယ်၌ ထူးခြားစွာ ခြေစွမ်းပြနိုင်ခဲ့မှုကြောင့် အာဆင်နယ်ပရိသတ်၏ အားပေးမှုကို ခံခဲ့ရသည့် ကွင်းလယ်ကစားသမားလည်း ဖြစ်သည်။

### ရောက်ရှိချိန်

ဖာဘရီဂတ်စ်ကို စပိန်နိုင်ငံ ဗီလ်လီဆော့ဒေမာမြို့တွင် ၁၉၈၇ခုနှစ် မေလ ၄ရက်၌ မွေးဖွားခဲ့ရာ အသက် ၂၀သာရှိသေးသည့် လူငယ်ကစားသမားတစ်ဦးဖြစ်သည်။ အာဆင်နယ်အသင်းကို ရောက်ရှိချိန်၌ ဖာဘရီဂတ်စ်၏ အသက်မှာ ၁၆နှစ်နှင့် ၁၇၇ရက်သာရှိသေးသည်။

### စတင်ပါဝင်

ထို့အပြင် ဖာဘရီဂတ်စ်သည် စပိန်လက်ရွေးစင်အဖြစ် ထိုနှစ်က အရွေးခံခဲ့ရာ နှစ်ပေါင်း၇၀အတွင်း အသက်အငယ်ဆုံး စပိန်လက်ရွေးစင် ဘောလုံးသမားတစ်ဦးဖြစ်လာသည်။ စပိန်အသင်းနှင့်အတူ ချစ်ကြည်ရေးပွဲအဖြစ် အိုင်ဗရီကို့စ်အသင်းနှင့် ကစားရာ၌ စတင်ပါဝင်ကစားခဲ့သည်။

အာဆင်နယ်၌ ကွင်းလယ်ကစားသမား ဗီအဲရာဒဏ်ရာရရှိချိန်များတွင်သာ ပါဝင်ကစားခဲ့ရသော်လည်း ထူးထူးခြားခြားခြေစွမ်းပြနိုင်ခဲ့သဖြင့် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ အာဆင်နယ်မှ ဗီအဲရာထွက်ခွာသွားပြီးနောက် ပင်တိုင်ကွင်းလယ်ကစားသမားဖြစ်လာခဲ့သည်။

### အများဆုံး

ပထမဆုံးပွဲချိန်ပြည့် စတင်ကစားခဲ့ရသည့်ပွဲမှာ မန်ယူအသင်းနှင့် ကွန်မြူနတီဒိုင်းပြိုင်ပွဲဖြစ်သည်။ ထိုပွဲ၌ မန်ယူအပေါ် အာဆင်နယ်တို့ အနိုင်ရရှိခဲ့ရာတွင် ဖာဘရီဂတ်စ်၏ စွမ်းဆောင်မှုအများဆုံးပါရှိခဲ့သည်။

### ကစားပေးခဲ့

ယခုအခါ အာဆင်နယ်အတွက်ပွဲပေါင်း၁၅၃ပွဲ ကစားပေးထားခဲ့ပြီး ဂိုးပေါင်း ၂၀သွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ စပိန်ဘောလုံးအသင်း၌လည်း ၁၆ပွဲ ကစားပေးခဲ့ပြီးဖြစ်သည်။

### မဲပေးရွေးချယ်

ထို့ကြောင့် အာဆင်နယ်အသင်းတွင် အဓိက ကစားသမား ဖြစ်လာခဲ့ပြီး အာဆင်နယ် ပရိသတ်အတွက် အားထားစရာ ကွင်းလယ်ကစားသမား တစ်ဦးဖြစ်ခဲ့သည်။ ထိုသို့ ပရိသတ်များက ယုံကြည်အားကိုးမှုရရှိလာခဲ့ခြင်းကြောင့် အာဆင်နယ်မှ အွန်နရီ ထွက်ခွာသွားခဲ့ပြီး ၂၀၀၆-၂၀၀၇ဘောလုံးရာသီအတွက် အာဆင်နယ်၏အကောင်းဆုံးဘောလုံးသမားဆုကို ပရိသတ်များက ဖာဘရီဂတ်စ်အား မဲပေးရွေးချယ်ခဲ့ကြသည်။

### စွမ်းဆောင်ပေး

ဖာဘရီဂတ်စ်သည် ၂၀၀၅-၂၀၀၆ဘောလုံးရာသီ၌ အာဆင်နယ် အသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို တစ်နှစ်တာလုံး ခြေစွမ်းပြကာ အာဆင်နယ်အသင်း ရလဒ်ကောင်းအောင် ကြိုးစားပေးခဲ့သူလည်း ဖြစ်သည်။



**အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်။**
(ဓာတ်ပုံ-အင်တာနက်)

### တရားဝင်ပြောကြား

အာဆင်နယ်အသင်းအနေဖြင့် ဖာဘရီဂတ်စ်ကို ၂၀၀၆ခုနှစ် အောက်တိုဘာလက ရှစ်နှစ်စာချုပ် တိုးမြှင့်ချုပ်ဆိုထားရာ အာဆင်နယ်အသင်း၌ ဆက်လက်ကစားရန်ရှိနေသော်လည်း အွန်နရီအသင်းမှ ထွက်ခွာသွားပြီးနောက်ပိုင်း သူလည်း အသင်းမှ ပြောင်းရွှေ့တော့မည်ဟု တရားဝင် ပြောကြားလိုက်ပြီဖြစ်သည်။

### စောင့်ကြည့်ရမည်

သို့သော်လည်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး၏ အခြေအနေပေါ်မူတည်ကြောင်း ဖာဘရီဂတ်စ်က ပြောကြားနေသည်။ ယခုအခါ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာတို့အပြင် ဘွန်ဒက်စ်လီဂါနှင့် စီးရီးအေကလပ်များကလည်း ဖာဘရီဂတ်စ်၏ အပြောင်းအရွှေ့သတင်းအပေါ် ငွေထုပ်ပိုက်၍ လိုက်နေကြပြီဖြစ်ရာ အာဆင်နယ်၏ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆု ပူပူနွေးနွေးရရှိထားသော ဖာဘရီဂတ်စ်၏ အနာဂတ် မည်သို့ဖြစ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ **(အင်တာနက်)**

---

## ရီးရဲမက်ဒရစ် လာလီဂါဖလား ဆွတ်ခူးခဲ့သော်လည်း ကာပယ်လို နည်းပြရာထူးမှထုတ်ပယ်ခံရ



**ရီးရဲမက်ဒရစ်အသင်းမှ ထုတ်ပယ်ခံရသော နည်းပြ ကာပယ်လို။**
(ဓာတ်ပုံ-အင်တာနက်)

**မက်ဒရစ် ဇွန် ၂၉**

ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လိုသည် ရီးရဲမက်ဒရစ်အသင်းကို စပိန်လာလီဂါဖလားဆွတ်ခူးပေးခဲ့ပြီး၁၁ရက်အကြာရီးရဲမက်ဒရစ်အသင်းကငင်းအား အလုပ်မှ ထုတ်ပယ်လိုက်သည်။

### ချုပ်ဆိုခဲ့

အသက် ၆၁နှစ်ရှိ ကာပယ်လိုသည် ရီးရဲမက်ဒရစ်အသင်းနှင့် လက်ရှိနှစ်နှစ်စာချုပ် ကျန်ရှိနေဆဲဖြစ်သည်။ ၎င်းသည် ပြီးခဲ့သော နွေရာသီက ဂျူဗင်းတပ်စ်မှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လာကာ သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

ကာပယ်လိုသည် ၂၀၀၃ခုနှစ်က စပြီး ဖလားနှင့် ဝေးကွာခဲ့သော ရီးရဲမက်ဒရစ် အသင်းအား ဖလားပြန်လည်ရယူပေးနိုင်ခဲ့သည်။ ၎င်းသည် ၁၉၉၆-၁၉၉၇ ဘောလုံးရာသီတွင်လည်း ရီးရဲမက်ဒရစ် အသင်းကို စပိန်လာလီဂါဖလား ဆွတ်ခူးနိုင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။

မိမိတို့သည် ရီးရဲမက်ဒရစ် အသင်းကို ပြန်လည် ပြုပြင်သွားရမည် ဖြစ်ကြောင်း၊ လာမည့်ရာသီတွင်ကာပယ်လိုနှင့်ဆက်လက်အလုပ်လုပ်ရန်မရှိကြောင်း ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌ ရေးမွန်းကယ်ဒါရွန်က ပြောကြားလိုက်သည်။

### တာဝန်ပေးဖွယ်

ကာပယ်လိုအား ရီးရဲမက်ဒရစ် အသင်းက အလုပ်ဖြုတ်လိုက်ပြီဖြစ်၍ ဂီတာဖေးနည်းပြ ဘန်းရှူးစတားအား အစားထိုး ခန့်အပ် တာဝန်ပေးဖွယ် ရှိသည်။

ကာပယ်လိုသည် ရီးရဲမက်ဒရစ် နှင့် ဂျူဗင်းတပ်စ်အသင်းများကို အောင်မြင်သော နည်းပြအဖြစ် ကိုင်တွယ်နိုင်ခဲ့သူဖြစ်သကဲ့သို့ အေစီမီလန်နှင့် ရိုးမားအသင်းတို့၌လည်း အောင်မြင်မှုများ ရရှိခဲ့သူဖြစ်သည်။ **(အင်တာနက်)**

---





**အိုဝင်နှင့် ဗီဒူကာ**

**တိုက်စစ်မှူး မိုက်ကယ်အိုဝင် (ဝဲ)နှင့် နယူးကာဆယ်တိုက်စစ်မှူးသစ် ဗီဒူကာ။**
(ဓာတ်ပုံ-အင်တာနက်)

## မိုက်ကယ်အိုဝင် နယူးကာဆယ်၌ ရေရှည်ရှိလျှင် ဗီဒူကာအတွက် သံသယပွားစရာဖြစ်လာ

လန်ဒန် ဇွန် ၂၉

**မိုက်ကယ်အိုဝင် နယူးကာဆယ် အသင်း၌ ကာလရှည်ကစားသွားမည့် အစီအစဉ်ကြောင့် ဩစတြေးလျ တိုက်စစ်မှူး မတ်ဗီဒူကာအတွက် စနောင့်စနင်းဖြစ်လာသည်။**

မဖြစ်နိုင်

**မိုက်ကယ်အိုဝင် နယူးကာဆယ် အသင်းတွင် ရေရှည် ကစားသွားမည် ဆိုလျှင်မိမိသည်နယူးကာဆယ်အသင်း၌ ကြာရှည်စွာ ကစားရန်မဖြစ်နိုင်ကြောင်း ဗီဒူကာက ပြောကြားသည်။**

**အသက် ၂၇နှစ်ရှိ မိုက်ကယ်အိုဝင်သည် ၂၀၀၅ ခုနှစ်က ရီးရဲမက်ဒရစ် အသင်းမှ နယူးကာဆယ်သို့ ပေါင်၁၇သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သော ရာသီက ၎င်းသည် ဒူးဒဏ်ရာကြောင့် မကစားနိုင်ခဲ့ပေ။ မကြာမီက အက်စ်တိုးနီးယားနှင့်ယူရို ၂၀၀၈ခြေစစ်ပွဲတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားခဲ့ပြီး တစ်ဂိုး သွင်းယူပေးခဲ့သည်။**

ပြောင်းရွှေ့

**ယင်းဂိုးမှာ အင်္ဂလန် အသင်းအတွက် ၂၃ဂိုးမြောက် သွင်းယူခဲ့သော ဂိုးဖြစ်သည်။ ဗီဒူကာသည် ယခုလအစောပိုင်းက မစ်ဒယ်ဘရော့ အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကာ နှစ်နှစ်စာချုပ် ချုပ်ဆို ထားသည်။**
(အင်တာနက်)

---

ရေးသားသူ-မောင်ချစ်ကြည်

## ဝါရင့်ကွင်းလယ်ကစားသမား ယွန်းဘတ် အာဆင်နယ်၌သာ ဆက်ကစားမည်ဟုဆို

**လန်ဒန် ဇွန် ၂၉**

အာဆင်နယ်ကွင်းလယ်ဝါရင့် ကစားသမားကြီး ယွန်းဘတ်က ၎င်း အနေဖြင့် ကျန်ရှိနေသေးသည့် ဘောလုံးသမားဘဝကို အာဆင်နယ်အသင်းမှာသာ ကုန်ဆုံးစေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။



**အာဆင်နယ်၌သာ ဆက်လက် ကစားလိုသည့် ယွန်းဘတ်။** (ဓာတ်ပုံ-အင်တာနက်)

### ချုပ်ဆို

အသက် ၃၀ရှိ ယွန်းဘတ်အား မန်စီးတီး၊ဝက်စ်ဟမ်းနှင့် ပို့စ်မောက် အသင်းများက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။ သို့သော်လည်း ယွန်းဘတ်သည် ဘောလုံးကစားခြင်းမှ အနားမယူမီ အာဆင်နယ်၌သာနေထိုင်ကစားသွားလိမ့်မည်ဖြစ်ကြောင်း ယွန်းဘတ်၏အေးဂျင့် အလီဖော့က ပြောကြားသည်။ ဆွီဒင် လက်ရွေးစင် ကစားသမား ယွန်းဘတ်သည် ပြီးခဲ့သောရာသီက ဒဏ်ရာရသွားသဖြင့် အာဆင်နယ်အသင်းအတွက်၂၆ပွဲသာကစားပေးနိုင်ခဲ့သည်။ ၎င်းသည်အာဆင်နယ် အသင်းနှင့် ၂၀၀၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုထားသူဖြစ်သည်။ **(အင်တာနက်)**

---

## အင်တာနက် အားကစားသတင်း အတိုအထွာ

✦ လီဗာပူးအသင်းသည် စပိန်ကလပ် အက်သလက်တီကိုအသင်းမှ တိုက်စစ်မှူး တောရက်စ်ကို ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း ဇွန် ၂၈ရက်က သတင်းထုတ်ပြန်လိုက်သည်။

✦ **ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ်တွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဂျပ်စတင်းဟေနင်သည် ရုရှားမှ ဒူရှီဗီနာအား လည်းကောင်း၊ ဝင်ဘယ်ဒန်ချန်ပီယံဟောင်း ဆီရီနာဝီလျံသည် ဩစတြေးလျမှ အလီစီယာမိုလစ်အား လည်းကောင်း၊ ဆားဘီးယားမှ ဂျန်ကိုဗစ်သည် ဆလိုဗက်ကီးယားမှ ဂျာမီလာအား လည်းကောင်း အသီးသီးအနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားသည်။** (အင်တာနက်)

# လိုရာသို့ ခရီးပေါက်ခဲ့ပြီဖြစ်သော မဲဇာချောင်း( ဒိုးပင်ရွာ )တံတား

အညာမှာ တမာပင်၊ တမာတန်း၊ ထန်းပင်၊ ထန်းတောတို့ဖြင့် လွှမ်းမောစရာ ဖြစ်နေသည်။

ရွှေညာမြေကို တစ်ခေါက်တော့ရောက်ခဲ့ပြီ၊ အညာလေကိုရှူ၍ အညာရေကိုသောက်ပြီး မြန်မာတို့၏အောင်မြေကို နင်းခဲ့ရသည်။ "စည်တော်ကြီးတီးသံကချို ငါးမည်ရသည် ပြည်ရွှေဘို" ရွှေဘိုခွန်နီစပါး စိုက်ခင်းတွေက တစ်မျှော်တစ်ခေါ် ထမင်းမှာ မွှေးသလောက် အရသာ ရှိလှသည်။ ဦးအောင်ဇေယျနှင့် ရဲမက်တော်တို့သည် ရွှေဘိုခွန်နီ ဆန်ကိုစား၍ ဇာတိသွေး၊ ဇာတိမာန်တက်ကြွကာ ကုန်းဘောင်ခေတ်ကို ရဲရဲတောက် ထူထောင်ခဲ့သည်။ "သမိုင်းပြောင်မည့်ုးသော စစ်ကိုင်းတောင်ရိုး"မှာ မင်းဝံတောင်စွယ်တန်းတွင် တည်ရှိသည့် မြန်မာ့ဂုဏ်ဆောင် ရွှေဘိုမြို့ကို ရောက်ခဲ့သည်။

ရွှေဘိုမြို့သည် စစ်ကိုင်းတိုင်းတွင် ပါဝင်ဖွဲ့စည်းထားသော ခရိုင်မြို့ တစ်မြို့ဖြစ်သည်။ မန္တလေး၊ မြစ်ကြီးနား မီးရထားလမ်းပေါ်တွင် တည်ရှိ၍ မန္တလေးမြို့မှ ၆၄မိုင် ဝေးသည်။ ဧရာဝတီမြစ်ကမ်းပေါ်ရှိ ကျောက်မြောင်းမြို့မှ တစ်ဆင့် ၁၇မိုင်ရှည်သော ကားလမ်းဖြင့် ဆက်သွယ် ထားသည်။

ရွှေဘိုမြို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော မြို့ဖြစ်သည်။ ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့သူ ရွှေဘိုသား ဦးအောင်ဇေယျ သည် မြန်မာသက္ကရာဇ် ၁၁၁၅ခုနှစ် ပထမဝါဆိုလ (အေဒီ-၁၇၅၃)တွင် ယခု ရွှေဘိုမြို့နေရာ "ရတနာသိင်္ဃ"ကုန်းဘောင်နေပြည်တော်ကို တည်ထောင်ခဲ့သည်။ "ဥဩအော်မြည် ကုန်းဘောင်တည်"ဟူ၍ မြို့တည် သက္ကရာဇ်ကို အမှတ်သညာပြုခဲ့သည်။ ရွှေဘိုမြို့သက်တမ်းမှာ ၂၁၉နှစ်ခန့် ရှိခဲ့သည်။

ရွှေဘိုမြို့သည် မြို့အမည်ငါးမျိုးဖြင့် ထင်ရှားခဲ့သည်။ ပထမဆုံး အမည်မှာ မုဆိုးဖိုဖြစ်သည်။ ထိုစဉ်က သာမန်ရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။ မြန်မာသက္ကရာဇ်(၄၇၄-၅၄၉)ခုနှစ်များအတွင်း အလောင်း စည်သူမင်းကြီးသည် ခရီးလှည့်စဉ် မြေဒူးမြို့အနီး မြင်းခွာတောင်တွင် စခန်းချ ရပ်နားခဲ့သည်။ မြင်းခွာတောင်တစ်ဝိုက်တွင် ဘုရားပုထိုးများ တည်ကာ တောင်ခြေမှ မိုင်(၅၀)ခန့်ရှည်သော တူးမြောင်းကြီးကို တူး၍ မဟာနန္ဒာကန်ကိုလည်း ဆည်ဖို့ခဲ့သည်။ ဖောက်လုပ်ပြီးစီးသော တူးမြောင်း အတိုင်း ဖောင်ဖြင့်စုန်ဆင်းခဲ့၍ ရွှေတန်ဆာဘုရားကို တည်ခဲ့သည်။ ရွှေတန်ဆာစေတီတော်အား အစစစောင့်ရှောက်ထိန်းသိမ်းရန် မုဆိုးကြီး ငပိုအား ရွာတည်၍ နေရာချထားပေးခဲ့သည်။ မုဆိုးငပိုအား အစွဲပြု၍ ၎င်းရွာကို မုဆိုးငပိုရွာဟု တွင်သည်။ နောင်သော် မုဆိုးပိုရွာမှ "မုဆိုးဖို"ဟူ၍ ရွေ့လျောလာခဲ့ခြင်းဖြစ်သည်။ ဦးအောင်ဇေယျမှာ ယင်းမုဆိုးဖိုရွာ၏သူကြီး ဖြစ်သည်။ ဦးအောင်ဇေယျသည် မုဆိုးဖိုရွာကို အခြေခံ၍ ရန်သူတကာ တို့ကို အောင်မြင်စွာ တိုက်ခိုက်အောင်နိုင်ခဲ့ခြင်းကို အကြောင်းပြု၍ "ရန်ကြီးအောင်" ဟူ၍လည်း ခေါ်သည်။

မြို့အနီး တောင်နှင့်မြောက်တန်းနေသော ကုန်းဘောင်တောင်တန်းကို အစွဲပြု၍ "ကုန်းဘောင်မြို့"အမည်လည်း တွင်ခဲ့သည်။

ဦးအောင်ဇေယျသည် ရန်သူတကာတို့ကို တိုက်ခိုက်အောင်မြင်ပြီး နောက် ရွှေဘိုမြို့ကို တည်ဆောက်ရာတွင် မြို့တော်၊ နန်းတော်၊ ကျုံးတော်၊ မဟာနန္ဒာကန်၊ နက်ကွင်း၊ ဗဟိုရ်စင်နှင့် ဦးအောင်ဇေယျ မွေးဖွားရာ အရပ်တွင် ရွှေချက်သိုစေတီတို့အား ခုနစ်ဌာန တစ်ပြိုင်တည်း တည်ဆောက် ခဲ့သည်။ မြို့တော်အမည်ကို "ရတနာသိင်္ဃ"ဟူ၍ သမုတ်ခဲ့သည်။ လောကီ ရတနာ၊ လောကုတ္တရာ ရတနာတို့ဖြင့် စုဝေးရာဒေသဟူ၍ အဓိပ္ပာယ် ရသည်။

ရွှေဘိုမြို့ဟူသောအမည်မှာ သာယာဝတီမင်း လက်ထက်မှစ၍ ရွှေကိုတင်စားသုံးနှုန်းကာ "ရွှေဘိုမြို့" ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ရွှေဘိုသားတို့သည် ငါးမည်ရခဲ့သော သူတို့၏ ရွှေဘိုမြို့ကို ဂုဏ်ယူမဆုံး နိုင်ဖွယ် ဖြစ်ခဲ့ကြသည်။ နာမည်ကြီး ရွှေဘိုစည်တော်သံတွင် "ရန်ကြီး အောင်၊ ကုန်းဘောင်ခပါလို့၊ ငါးမည်ရ ပြည်ရွှေဘို၊ ဘေးရန်ကပြို၊ မုဆိုးဘိုရန်ပြိုတဲ့၊ နာသိင်္ဃ ဘိုးတော်ဒေသ"ဟူ၍ပင် ဂုဏ်တင် စပ်ဆိုကာ မှတ်တမ်းတင်ခဲ့ကြသည်။

## ပွင့်တမာ-အညာမြေ

ရွှေဘိုမြို့သည် ရှေးမြို့ဟောင်း တစ်မြို့ဖြစ်ခဲ့၍လည်း ရှေးဟောင်း စေတီပုထိုး များစွာရှိသည်။ ဦးအောင်ဇေယျ တည်ထားခဲ့သော ရွှေစေတီ (မြို့ထောင့်စေတီ)၊ ရွှေချက်သိုစေတီနှင့် ဦးအောင်ဇေယျ၏ အရိုးအိုး ပြာသာဒ်တို့ရှိသည်။ မြို့မြောက်ဘက်တွင် ရှေးမင်းတို့ တည်ထားခဲ့ပြီး ဦးအောင်ဇေယျနှင့် ကုန်းဘောင်မင်းဆက်တို့ ဆည်ဖို့ပြုပြင်ခဲ့သော မဟာနန္ဒာကန်တော်ကြီးသည် ထန်းတောများ ပတ်လည်ခြံရံလျက် ရွှေဘို မြို့၏ ကျက်သရေဆောင်ပင် ဖြစ်ပေသည်။

ရှေးမင်းတို့ မြို့ပြ၊ ပြည်၊ ရွာ ထီးနန်း ထူထောင်ခဲ့ရာ ဒေသဖြစ်၍လည်း ရွှေဘိုနယ်အတွင်း၌ ရှေးမြို့ဟောင်းများ ရှိခဲ့သည်။ ရှေးမြို့ဟောင်းများ တည်ရှိရာအရပ်များမှာ ဟန်လင်းကြီးမြို့၊ စည်ပုတ္တရာ၊ စည်သာ၊ ဒီပဲယင်း၊ မြေဒူးမြို့၊ ထန်းတပင်နှင့် မလည်ဒေသတို့ ဖြစ်ကြသည်။ ၎င်းတို့အနက် ဟန်လင်းကြီးမြို့ဟောင်းသည် ပျူတို့၏ မြို့တော်ဟောင်းဖြစ်ပြီး အထင် ရှားဆုံး ဖြစ်သည်။

စာရေးသူတို့သည် အောင်မြေကိုနင်း၍ ရွှေချက်သိုစေတီတော်ကို ဖူးမြော်ခဲ့ပြီး မဟာနန္ဒာကန်ပတ်လမ်းမှ ကားလေးကို တလိမ့်လိမ့်မောင်းနှင် လာခဲ့သည်။ စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်းမပေါ်ရှိ မဲဇာချောင်း(ဒိုးပင်ရွာ)တံတားဖွင့်ပွဲ အခမ်းအနားသို့ စာရေးသူ တက်ရောက်ခွင့် ရရှိခဲ့သည်။ ထိုတံတားကို ၁၀-၃-၂၀၀၇ရက်တွင် ဖွင့်လှစ် ခဲ့သည်။

နိုင်ငံတော်က ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက် လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသများ၊ ဖွံ့ဖြိုးရေးဒေသများ ရေးဆွဲချမှတ်ပြီး လက်တွေ့ ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စီမံရေးအခြေခံအဆောက် အအုံ တည်ဆောက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကဏ္ဍအသီးသီး တွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ ခြင်းသည် အဓိကကျသောကြောင့် ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းကူးတံတား များ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ တည်ဆောက်ခြင်း၊ မီးရထားလမ်း များ တိုးချဲ့ခြင်း၊ ဆိပ်ကမ်းဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ လေယာဉ်ကွင်းကြီးများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်းစသည့် လူမှုစီးပွား အခြေခံအဆောက်အအုံများကို အရှိန်အဟုန်မြှင့် နေ့မအား ညမနား ဆောင်ရွက်ပေးလျက် ရှိသည်။

မဲဇာချောင်း(ဒိုးပင်ရွာ)တံတားသည် သံပေါင်ဘေလီသစ်သား တံတားဖြစ်ပြီး တံတားအရှည် ပေ ၂၆၀၊ အကျယ် ၁၄ပေဖြစ်ကာ တံတား၏ ခံနိုင်ဝန်အားမှာ ၁၃တန်ဖြစ်သည်။ ယင်းတံတားသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် အရေးပါဆုံးတံတားဖြစ်ပြီး ရွှေဘို ခရိုင်နှင့် ကသာခရိုင်တို့ကို လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ ဒိုးပင်ကျေးရွာနှင့် မိကျောင်းသိုက်ကျေးရွာ၊ မင်းဝံတောင်ခြေရှိချွန်းတောင်း၊ ညောင်ပင်သာ၊ ဖက်တဲ၊ မရသိမ်၊ တောမ၊ ဆင်ဖြူဆိပ် စသည့်ကျေးရွာအုပ်စု များရှိ ဒေသခံကျေးလက်ပြည်သူများ ဒေသအနှံ့အပြားသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

စာရေးသူသည်

**"တတောဝင်ဝင်၊ တပင်ထွက်ထွက်**
**တခက်ခိုင်ခိုင်**
**ရောက်ဘူးတယ်၊ ဆိုရအောင်**
**ပြည်ရွှေဘို၊ ပျို့ငယ်ကြိုက်ကယ်**
**လိုက်ခဲ့ကွယ်လေး။**
**ပြည်ရွှေဘို၊ မြို့တော်မြောက်ဆီက**
**ချောင်းပေါက်လို့၊ မကူးနိုင်။**
**ပလွေတို၊ ယောင်မှာထိုးတယ်**
**ချောင်းရိုးကမှိုင်**
**မမလေးရဲ့၊ နှင်းဆီခိုင်**
**တဆိတ်စာ၊ မောင်ကိုင်ရရင်**
**ကူးနိုင်ရဲ့လေး"**

ဟူသော ရွှေဘိုဖိုကြီးသံကို သတိတရ ညည်းတွားမိသည်။

ရှေးအခါက **"ပြည်ရွှေဘိုမြို့တော်မြောက်ဆီက ချောင်းပေါက်လို့ မကူးနိုင်"**ခဲ့သော်လည်း ယခုမူ စာရေးသူတို့သည် မဲဇာချောင်း(ဒိုးပင်ရွာ) တံတားကြောင့် လိုရာသို့ ခရီးပေါက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်းနှင့် အဆိုပါ တံတားက စစ်ကိုင်းတိုင်းကို အခြားပြည်နယ်၊ တိုင်းများနည်းတူ ဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ပင်လုံမြို့ ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်မှုကို ဇွန် ၈ရက်က ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးသစ်ထူးမြင့်နှင့် ဒုတိယဦးစီးမှူး ဦးသိန်းစိုးဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## သိန်းနီမြို့၌ ချုံနွယ်များ စုပေါင်းရှင်းလင်း

**သိန်းနီ ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်ပြီး ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ မေ ၂၆ ရက် နံနက် ၈ နာရီက ဗန္ဓုလလမ်းဘေး ဝဲယာတစ်လျှောက်ရှိ ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်း များမှ အမှိုက်သရိုက်များ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးမျိုးဇော် ကြီးကြပ်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လုပ်ငန်းလိုင်စင်ချမှတ် ပေးထားသော မြို့ပေါ်ရပ်ကွက်အသီးသီးရှိ တည်းခိုခန်းများ သန့်ရှင်းမှု ရှိမရှိ၊ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိမရှိတို့ကို ဇွန် ၁၃ ရက်က လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ဝင်းမာ တို့ ဦးဆောင်၍ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**ပထမဝါဆိုလပြည့်ကျော် ၂ ရက်**
**၁-၇-၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဇောဗျွာဂ်သုတ်)

**နေ့လယ်ပိုင်း**

၁၀:၀၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဘွန်ဇိုင်းပင်ပြုလုပ်နည်း)
၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (ပန်းကလေးတစ်ပွင့်လိုလှနေမှာ)
၁၁:၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သံယောဇဉ် (မြသက်မှူ)
(၂) နေ့ပေါင်း လပေါင်း ရက်ပေါင်း (မြင့်ထွန်းနိုင်)
(၃) ရွက်လှပန်း (အေးအေးသွယ်)
၁၂:၀၀ ကလေးများအတွက် တေးသီချင်းများ
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (စောင့်လေမျိုးနွယ်)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ဗုံကြီးသံကျေးလက်တေးများ-ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၆:၁၀ နေ့စဉ်သုံး အီဒီယမ် -မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ
၁၇:၀၀ ထီပေါက်စဉ် -တေးသံစုံ (စိန်ချစ်တီးအဖွဲ့မှ တေးသံစုံ)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ဆရာဇော်ဂျီသို့ အလွမ်းပြေ-သာရဝေါစိုးကြည်)
၁၇:၃၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဂရေဟမ်)
၁၉:၁၅ အသံလွှင့်ဇာတ် (ချစ်ပုံပြင်အမှတ်-၃၀၂)
၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်သံသယ (နေဖြူဇော်ဦး)
(၂) မကြင်နာမောင်မုန်းတော့ (ခင်ထွေးမော်)
(၃) မျက်ရွဲဒါလီ (ကိုမောင်မောင်)






# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းတွင် ပြင်ဆင်ထားရှိမှုများကြည့်ရှု ညီလာခံကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ လုပ်ငန်းများဆောင်ရွက်နိုင်ရေး စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ထားရှိရန်မှာကြား

**ရန်ကုန် ဇွန် ၂၉**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ ညနေပိုင်းတွင် ၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ ရက်၌ ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံအတွက် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✡

## ကြည့်ရှုစစ်ဆေး

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိအမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မုန်တိုင်းသတင်း

နေပြည်တော် ဇွန် ၂၉

**ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲတွင် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။**

(သတင်းစဉ်)

## လမ်းပန်းဆက်သွယ်ရေး ဝေးလံသော ပြည်နယ်၊ တိုင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

**ရန်ကုန် ဇွန် ၃၀**

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်နှင့်တိုင်းများရှိ စာစစ်ဌာနအချို့၏ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ဇွန် ၃၀ ရက်(စနေနေ့)**(ယနေ့)** နံနက် ၈ နာရီခွဲတွင် ၄၁ ဒသမ ၇၅ မီတာမှ အသံလွှင့်ကြေညာပေးမည် ဖြစ်သည်။

### ကြေညာ

ထိုသို့ ကြေညာရာတွင် ကချင်ပြည်နယ်မှ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ၊ ကရင်ပြည်နယ်မှ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း၊ ချင်းပြည်နယ်မှ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝ၊ ရခိုင်ပြည်နယ်မှ ဂွ၊ ကျောက်ဖြူ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင်၊ ရှမ်းပြည်နယ်မှ မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင်၊ တနင်္သာရီတိုင်းမှ ပုလော၊ ဘုတ်ပြင်းနှင့် ပလ၊ မကွေးတိုင်းမှ ပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ၊ စစ်ကိုင်းတိုင်းမှ နန်းယွန်း၊ လေရှီးနှင့် လဟယ်နှင့် ရန်ကုန်တိုင်းမှ ကိုကိုးကျွန်း စသည့် စာစစ်ဌာနများကို ကြေညာပေးသွားမည် ဖြစ်သည်။

**(သတင်းစဉ်)**

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၃၀**

၂၀၀၇ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၃၀ ရက် (စနေနေ့) **(ယနေ့)** နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်းနှင့် မြို့နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်း ကပ်ထားသည်။

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တို့၌လည်း ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့်တိုင်းများ၏ အောင်စာရင်းများကို ကပ်ထားပေးသည်။

**(သတင်းစဉ်)**

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

### ပရိုတင်းပါဝင်မှုလျော့နည်းသော အစားအစာ စားသုံးလျှင် ဆီးချိုရောဂါဖြစ်ပွားမှုကာကွယ်နိုင်

**ပရိုတင်းပါဝင်မှုနည်းသော ညစာတစ်ပန်းကန်ကို စားသုံးခြင်းသည် ကိုယ်အလေးချိန်ကျစေသည့်အပြင် ဆီးချိုရောဂါဖြစ်ပွားမှုအား ကာကွယ်ပေးနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။**

#### ကန့်သတ်ထား

**ကနေဒါ သုတေသနပညာရှင်များက ပရိုတင်းပါဝင်မှု ကန့်သတ်ထားသော ညနေစာ တစ်ပန်းကန်ကို နေ့စဉ် ခြောက်လကြာစားခိုင်းသည့် လူများအား စစ်ဆေးကြည့်ရာ ဆီးချိုရောဂါဖြစ်ပွားမှု မရှိကြကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ပရိုတင်းပါဝင်မှုနည်းသော အစားအစာ တစ်ပန်းကန်သည် ကိုယ်ခန္ဓာအလေးချိန်ကို ၅ ရာခိုင်နှုန်းကျဆင်းစေပြီး ဆီးချိုရောဂါ ထိရောက်စွာ ကာကွယ်နိုင်သည်ဟု ၎င်းတို့က ပြောကြားသည်။**

#### စားသုံးသင့်

**ထို့ကြောင့် ပရိုတင်းနည်းပါးသော ဟင်းသီးဟင်းရွက် ပါဝင်သည့် အစားအစာ တစ်ပန်းကန်သာ ညစာအဖြစ် စားသုံးသင့်ကြောင်း ကနေဒါ သုတေသနပညာရှင်များက အကြံပြုထားသည်။**



30-6 (20) 1 6/29/07, 1:57 PM